ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့၊ (8-5-2011) (၆၇၅၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကွန်ချောင်းရေအားလျှပ်စစ်စီမံကိန်း ၉၄ ရာခိုင်နှုန်းပြီးစီး နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်ပေးနိုင်မည်

နေပြည်တော် မေ ၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာ ကွန်ချောင်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွန်ချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အား ၆၀ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် မေ ၆ ရက် ညနေပိုင်းတွင် အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ စက်အမှတ်(၁)နှင့် စက်အမှတ်(၂)တို့အား Turbine , Rotor Shaft နှင့် Runner Shaft တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၃)အား Runner & Turbine Shaft တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ **စာမျက်နှာ ၃ ကော်လံ ၃ သို့**✳

ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဇော်မင်း ကွန်ချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ကျေးလက်ကျန်းမာရေးဌာနနှင့် စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၇

မန္တလေးတိုင်းဒေသကြီး၌ ခုတင် ၈၀၀ ဆေးရုံ တစ်ရုံ၊ ခုတင် ၇၀၀ ဆေးရုံ တစ်ရုံ၊ ခုတင် ၅၅၀ ဆေးရုံ တစ်ရုံ၊ ခုတင် ၃၀၀ ဆေးရုံ လေးရုံ၊ ခုတင်၂၀၀ဆေးရုံ ခြောက်ရုံ၊ ခုတင် ၁၅၀ ဆေးရုံ တစ်ရုံ၊ ခုတင် ၁၀၀ ဆေးရုံ လေးရုံ၊ ခုတင် ၅၀ ဆေးရုံ ၁၀ ရုံ၊ ၂၅ ခုတင် ဆေးရုံ ၁၅ရုံ၊ ၁၆ ခုတင်ဆေးရုံ သုံးရုံ၊ တိုက်နယ်ဆေးရုံ (၁၆)ခုတင် ၄၁ရုံ၊ ဒေသန္တရကျန်းမာရေးဌာန ခုနစ်ခု၊ ကျောင်းကျန်းမာရေးဌာန ၁၂ ခု၊ မိခင်ကလေး ကျန်းမာရေးဌာန ၇၇ခု၊ ကျေးလက် ကျန်းမာရေးဌာန ၁၂၇ ခု၊ ကျေးလက် **စာမျက်နှာ ၉ ကော်လံ ၁ သို့**❁

ယနေ့ ကြေးမုံ သတင်းအညွှန်း

ဆည်၏ ရေဝေရေလဲဧရိယာအတွင်းနှင့် ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ သဘာဝ သားရဲတိရစ္ဆာန်များအား ကာကွယ်ထိန်းသိမ်းကြရမည် (သတင်း)စာမျက်နှာ - ၃

သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာ့ ကျောက်မျက်ရတနာများ စံချိန်တင်ရောင်းချနိုင်ခဲ့ (သတင်း)စာမျက်နှာ -၁၀

ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟို ငါးပွဲပယ် ပြစ်ဒဏ် ချမှတ်ခံရ (သတင်း)စာမျက်နှာ - ၁၁

တက္ကသိုလ်သင်း၏ "စာချစ်သူများအတွက် မီဒီယာကော်နာ" (ဆောင်းပါး)စာမျက်နှာ - ၆

မန္တလေး-လားရှိုး-မူဆယ် (နမ့်ခန်း)ကားလမ်း၏ ခရီးတစ်ထောက်ရပ်နားရာစခန်းလေး

တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ ထိရောက်စွာ တားဆီးနိုင်ရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ဆုံးရှုံးမှုမှ ကာကွယ်ရန် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ် ရေပူကျေးရွာအနီး၌ One Stop Services (OSS) အဖွဲ့ ရေပူကုန်ပစ္စည်းစစ်ဆေးရေးစခန်းကို၂၀၀၆ခုနှစ် **စာမျက်နှာ ၇ ကော်လံ ၁ သို့**❖

သတင်းမှတ်စု - စိုးသူရ

ဓာတ်ပုံ ကိုကိုစိုးညွန့်

ရေပူကုန်ပစ္စည်း စစ်ဆေးရေးစခန်း ကုန်စစ်ကွင်း၌ ကုန်တင်ကားကြီးများအား စစ်ဆေးနေစဉ်

ကြေးမုံ The Mirror
၈-၅-၂၀၁၁
(တနင်္ဂနွေနေ့)

မြို့ပြဝန်းကျင် ထိန်းသိမ်းပြုပြင် အလှဆင်

လူဦးရေနှင့် ကူးသန်းရောင်းဝယ်မှု များပြားစည်ကားသော မြို့ကြီးများတွင် ကျန်းမာသန့်ရှင်းမှုရှိရေး အလေးပေးလုပ်ဆောင်ကြရပေမည်။ မြို့ပြဝန်းကျင်သပ်ရပ်သန့်ရှင်း လှပနေခြင်းသည် ပြည်သူတိုင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းမှုကို ရရှိစေမည်ဖြစ်သည်။

စီးပွားရေးအချက်အချာကျသော မြို့ကြီးများ၌ ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေး လမ်းများအဆင့်မြှင့်တင် ခင်းကျင်းထားပြီ။ လမ်းလယ်ကျွန်းများ၊ အဝိုင်းကြီးများ၊ လမ်းမကြီးများဝဲယာဝန်းကျင်တွင် သစ်ပင်ပန်းပင်များ၊ မြို့ပြတစ်ခွင်ပန်းအလှပင်များ စိမ်းလန်းစိုပြည်ဝေဆာစေရေး စဉ်ဆက်မပြတ်စိုက်ပျိုးပြုပြင် မွမ်းမံနေကြပြီ။ ဥယျာဉ် ပန်းခြံများ၊ ရေကန်များဖြင့် သဘာဝပတ်ဝန်းကျင်သာယာရေး၊ ပြည်သူများ အပန်းဖြေအနားယူနိုင်ရေး ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။

တစ်ဖက်မှလည်း လမ်းဘေးစကြံများ ပျက်စီးယိုယွင်းမှုမရှိရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး ထိန်းသိမ်းပြုပြင်ကြရပေဦးမည်။ ယခုရက်ပိုင်းအတွင်း နာရီပိုင်းခန့် မိုးသည်းထန်စွာရွာသွန်းသည်နှင့် မြို့နယ်အချို့ရှိလမ်းများ ရေလွှမ်းသွားသည်။ အချို့လူသွားစကြံများယိုယွင်းနေသဖြင့် ခရီးသွားများမိုးထဲရေထဲ လဲပြိုကြရသည်။ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သင့်သည့်လုပ်ငန်းများဖြစ်သည်။

တစ်ချိန်တည်းတွင် မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်းရေး၊ ရပ်ကွက် ကျေးလက်တစ်ခွင် ကူးစက်ရောဂါ ကာကွယ်ရေးစီမံချက်များ အလေးပေး ဖော်ဆောင်ကြရပေမည်။ လူနေဝန်းကျင်၊ ဈေး၊ ကျောင်း ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်ကြရပေမည်။ စည်ပင်သာယာရေးအဖွဲ့များက သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ အမှိုက် သရိုက်များ ရှင်းလင်းရေး၊ ယာဉ်သွားလမ်းများ၌ ချိုင့်ခွက်များကင်းစင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရပေမည်။

မြို့ပြသန့်ရှင်းသာယာရေးသည် လူတိုင်းနှင့်သက်ဆိုင်သည်။ ပြည်သူများအပိုင်းက နေအိမ်၊ လမ်း၊ ဈေး ပတ်ဝန်းကျင် အမှိုက် သရိုက် ကင်းစင်သန့်ရှင်းရေး မပြတ်ပြုလုပ်ကြရပေမည်။ ရေမြောင်းများနှင့် လမ်းပေါ်တွင် အမှိုက်နှင့် အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ယာဉ်ပေါ်မှ လမ်းမပေါ်သို့ အမှိုက်များပစ်ချခြင်း၊ ကွမ်းတံတွေးထွေးခြင်း စသည့်လုပ်ရပ်များ မပြုလုပ်မိစေရေး အသိတရားဖြင့် ရှောင်ကြဉ်ကြရပေမည်။

နိုင်ငံတကာအဆင့်မီ မြို့ပြအင်္ဂါရပ်များနှင့်အညီ ခံ့ညားထည်ဝါတင့်တယ်စေရေး ကြိုးပမ်းလျက်ရှိရာ ဆင်ခြေဖုံးဒေသများ အပါအဝင် မြို့ပြဝန်းကျင် ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနတို့နှင့်အတူ ပြည်သူများအားလုံးက စည်းကမ်းရှိရှိ တာဝန်သိသိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သာယာလှပသော မြို့ပြလူမှုဝန်းကျင် ဖြစ်တည်လာမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms.Ruth Kahanoff သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr.Yaron Mayer နှင့်အတူ ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား အစ္စရေးနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ ဒုတိယညွှန်ကြား ရေးမှူးချုပ် Ms.Ruth Kahanoff လာရောက် တွေ့ဆုံစဉ်။
(သတင်းစဉ်)

အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ဟောပြောမည်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားသူများ၊ ကွန်ပျူတာ ဆက်သွယ်ရေး နည်းပညာရပ်များကို စိတ်ဝင်စားသူများ မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရများအတွက် ပညာရေး လမ်းကြောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဘွဲ့လွန်အင်ဂျင်နီယာစီမံခန့်ခွဲမှုဘာသာရပ်များ၊ အင်္ဂလန်မှ ချီးမြှင့်မည့် MBA ဘာသာရပ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို မေ ၁၄ ရက်တွင် Summit Parkview Hotel ရှိ CROWN Education ရုံးခန်းတွင် ရှင်းလင်းဟောပြောမည်ဖြစ်သည်။

အဆိုပါဘွဲ့များကို Auston Institute of Management တွင် တက်ရောက်သင်ယူနိုင်ပြီး အင်္ဂလန်နိုင်ငံ Coventry University မှ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ Diploma မှ စတင်တက်ရောက်နိုင်ပြီး City & Guild Electrical and Electronic Diploma လက်မှတ် ရရှိထားပါက Advance Diploma သို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး B.E(Electronic) ကျောင်းသား၊ ကျောင်းသူများ B.Eng(Hons)in Electrical & Electronic Engineering နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ Coventry University မှ ဒီဂရီကို ထူးချွန်စွာ အောင်မြင်ပါက Nanyaung Technological University တို့ကဲ့သို့ စင်ကာပူအစိုးရကျောင်းများတွင် Master လျှောက်ထားနိုင်သည့် အခွင့်အရေးများ ရရှိနိုင်ရာ ဟောပြောပွဲ တက်ရောက်ရန် CROWN Education, Summit Parkview Hotel အခန်း(၂၂၈-၂၂၉) ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ-၂၈၈၊ ၂၂၉ နှင့် ၀၉-၄၃၂၄၃၂၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်ထောင်စုရှေ့နေချုပ်၏ မှာကြားချက်များကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဥပဒေ အရာရှိများအား မေ ၆ ရက်က ထပ်ဆင့်ရှင်းလင်း ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

သတင်းလက်ဦးမှု ရယူ၍ ကာကွယ်စောင့်ရှောက် ဒုတိယရဲအုပ်လောင်းသင်တန်းဆင်းပွဲ၌ ရဲချုပ်မှာကြား

နေပြည်တော် မေ ၇

အဂတိတရားကင်းစင်ပြီး စာရိတ္တခြစားမှုမရှိဘဲ မိမိ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်ကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင်ရင်း ပြည်သူကို အလုပ်အကျွေးပြု၍ တရားဥပဒေနှင့်အညီ အကာအကွယ်ပေးကြရန်၊ မိမိတို့တာဝန် ထမ်းဆောင်မည့်နေရာအသီးသီးတွင် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုရယူပြီး နယ်မြေအေးချမ်းတည်ငြိမ်မှုရှိအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်အပေါ် ကျရောက်လာမည့် အဖျက်အမှောင့် အန္တရာယ်မှန်သမျှကို အချိန်မီတားဆီးနိုင်အောင် သတင်းလက်ဦးမှုရယူ၍ အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် စသည်ဖြင့် မေ ၆ ရက် နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်း အမှတ်စဉ် (၆၈/၂၀၁၀) သူရတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ရဲချုပ်သည် အကောင်းဆုံးကျောင်းသားဆုရကျောင်းသား အမှတ်(၈၉) ဒုတိယရဲအုပ်လောင်း အောင်လွင်မိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ် (၁၇၅) ဒုတိယရဲအုပ်လောင်း အောင်ခိုင်ဝင်း၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရကျောင်းသား အမှတ်(၉၇) ဒုတိယရဲအုပ်လောင်း နေဇော်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရကျောင်းသား အမှတ်(၉၇) ဒုတိယရဲအုပ်လောင်း နေဇော်၊ အင်္ဂလိပ်စာ ဘာသာရပ် ထူးချွန်ဆုရကျောင်းသား အမှတ်(၉၆) ဒုတိယရဲအုပ်လောင်း ဇင်မင်းဦးတို့အား ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၅၈ ဦး တက်ရောက်အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်း အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း အောင်လွင်မိုးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ဆည်၏ရေဝေရေလဲဒေသ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်း ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၌ ပြည်ထောင်စုဝန်ကြီး မှာကြား

နေပြည်တော် မေ ၇

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ သဘော်မြောင်ရိုးအနီး ဖြူးချောင်းပေါ်၌ တမံအလျားပေ ၁၀၂၀၊ တမံအမြင့် ၂၄၅ ပေရှိ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး စိုက်ပျိုးမြေဧက တစ်သိန်းကို ရေပေးနိုင်သည့်အပြင် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၂၀ ဖြစ်သည်။ ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသည် မေ ၅ ရက်အထိ စီမံကိန်းတစ်ခုလုံး၏ ၃၃ ဒသမ ၇၇ ရာခိုင်နှုန်း ပြီးစီးပြီး ရေအားလျှပ်စစ်ပိုင်းတွင် စီမံကိန်း၏ ၇၃ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၆ ရက် နံနက် ၁၀ နာရီတွင် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူတို့အား ဤရေလှောင်တမံစီမံကိန်းသည် စိုက်ပျိုးရေရရှိရေးအတွက်နှင့် ရေအားလျှပ်စစ်ထုတ်ယူရရှိမည့် ဘက်စုံစီမံကိန်းဖြစ်သည်နှင့်အညီ စီမံကိန်းလုပ်ငန်းများ မြန်မြန်ပြီးသည်နှင့်အမျှ ပြည်သူများလျင်လျင်မြန်မြန် အကျိုးခံစားရမည်ဖြစ်သည့်အပြင် ကုန်ကျစရိတ်လည်း ပိုမိုသက်သာစေမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနနှစ်ခုမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းညှိနှိုင်းပြီး ဟန်ချက်ညီညီ လုပ်ဆောင်ကြရန်လိုကြောင်း၊ ဆည်၏ ရေဝေရေလဲဧရိယာအတွင်းနှင့် ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ၊ သဘာဝ သားရဲတိရစ္ဆာန်များအား ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ရေလွှဲဆည်နှင့် ရေသောက်စနစ်များကိုလည်း အချိန်မီပြီးစီးရေး တစ်ပြိုင်တည်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ယန္တရားကြီးများဖြင့် ပင်မတမံ မြေသားဖို့နေမှုနှင့် ရေအားလျှပ်စစ် ဥမင်လိုဏ်အထွက် အတွင်းသား ကွန်ကရစ်လောင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အုတ်တွင်းမြို့နယ် ခပေါင်းချောင်းပေါ်၌ တည်ဆောက်ထားသော ခပေါင်းရေလှောင်တမံသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ဆည်အတွင်းစီးဝင်ရေ သိုလှောင်ထားမှု၊ ရေပိုလွှဲ၊ ပင်မတမံ ကြံ့ခိုင်ရေး ထိန်းသိမ်းထားရှိမှု၊ အကျိုးပြုဧက ၆၅၀၀၀ ရှိသည့် ရေသောက်စနစ် တည်ဆောက်နေမှု၊ တည်ဆောက်ပြီးသော အပိုင်းများတွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးရေပေးဝေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် စိုက်ပျိုးရေ လိုအပ်ချက်အရ ရေသောက်စနစ် အမြန်ပြီးစီးရေး၊ တောင်သူများ၏ အထူးပြုစိုက်ပျိုးသီးနှံ

များကို ရေရရှိမှုပေါ် မူတည်၍ အောက်ခြေအထိဆင်းကာ ပေါင်းစပ်ညှိနှိုင်းပြီး သီးနှံပုံစံများ ချမှတ်ဆောင်ရွက်ပေးရေး စသည်ဖြင့် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေအားလျှပ်စစ်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သားသမီးအပေါ်မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့်ရောဂါတား
"ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁"
၂၀၁၁-ခုနှစ်၊ မေလ(၁၄) ရက် (စနေနေ့) (ပထမအကြိမ်)
၂၀၁၁-ခုနှစ်၊ ဇွန်လ(၁၁) ရက် (စနေနေ့) (ဒုတိယအကြိမ်)
နေပြည်တော်(၈)မြို့နယ်၊ ကယားပြည်နယ်(၄)မြို့နယ်၊ ကရင်ပြည်နယ်(၇)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (၁၂)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (၁၆)မြို့နယ်၊ မကွေးတိုင်းဒေသကြီး(၁၃) မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (၂၈)မြို့နယ်၊ မွန်ပြည်နယ် (၁၁)မြို့နယ်၊ ရခိုင်ပြည်နယ်(၁၁)မြို့နယ်၊ ရှမ်းပြည်နယ် (၁၇)မြို့နယ်
အသက်(၅)နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁)၌ Haier ပါဝင်ပြသ

နေပြည်တော် မေ ၇

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MICC)၌ မေ ၅ ရက်မှ ၈ ရက်အထိ နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁)ကို စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသလျက်ရှိရာ Five Oceans Co.,Ltd.မှ အဆင့်မြင့် Haier & Electronic ပြခန်း ပါဝင်ခင်းကျင်း ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

Haier အမှတ်တံဆိပ် LCD,LED, Air con၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာအစရှိသော Electronic လူသုံးကုန်ပစ္စည်းများကို ဖြန့်ချိရောင်းချပေးလျက်ရှိသည်။ အထူးသဖြင့် Haier အမှတ်တံဆိပ် Air con များသည် အခြားသော Air con များနှင့်မတူ Healthy Negative Ions စနစ်ပါဝင်ပြီး ရေဓာတ်ခန်းခြောက်ခြင်း၊ အသားအရေခြောက်ကပ်ခြင်းများမဖြစ်စေဘဲ အိမ်တွင်းမှာနေလျက် တောတောင်အရသာကို ခံစားစေနိုင်ကြောင်း သိရှိရသည်။

Haier အမှတ်တံဆိပ် Electronic Show Room များကို အမှတ်(၆၃/၆၄) ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၄၁၁၁၈၊ ၀၉-၁၀၂၃၆၉၅၊ ၀၁-၂၂၂၉၆၉၊ ၀၁-၂၂၃၅၈၉၊ ၀၁-၂၂၅၈၁၂ နှင့် မန္တလေး ဈေးချိုပလာဇာ (၂၆)လမ်းနှင့် (၈၅) လမ်းထောင့် မန္တလေးနှင့် အမှတ်(၉၀) သီရိရတနာ အဆင့်မြင့်ဈေး နေပြည်တော်တို့အပြင် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

✻ ကွန်ချောင်းရေအားလျှပ်စစ်မှ

DecorationWork လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဖိအားမြင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ပင်မတမံတည်ဆောက်ပြီးစီးမှု၊ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေလှုံ့ထိန်းစည် တည်ဆောက်ပြီးစီးမှု ဆွဒ်ယာဒ်နှင့် ထရန်စဖော်မာယာဒ် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝင်ငွေများကို ခြိုးခြံချွေတာပြီး အကျိုးရှိစွာ အသုံးချ ကျေးရွာချင်းဆက်လမ်းများ အမြဲကောင်းမွန်ရေး ဆောင်ရွက်

နေပြည်တော် မေ ၇

မကွေးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မြို့နယ်အလိုက် ဝင်ငွေ၊ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးအတွင်းရေးမှူးတို့က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဝင်ငွေများကို အလေအလွင့်မရှိစေဘဲ ခြိုးခြံချွေတာပြီး အကျိုးရှိစွာ အသုံးချဆောင်ရွက်သွားရေး၊ ပြည်သူအများသွားလာနေထိုင်သည့် ဈေး၊ မြို့တွင်းလမ်းများ၊ ကားဂိတ်၊ ဆိပ်ကမ်းဂိတ်များ အမြဲသန့်ရှင်းသပ်ရပ်အောင် စေတနာထားဆောင်ရွက်သွားရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို အလေးချိန်ခွင်နှင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းဝယ်စေရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရေး၊ ကျေးရွာချင်းဆက်လမ်းများ အမြဲကောင်းမွန်ရေးနှင့်ကျေးရွာတိုင်း သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရန်အတွက် ကြိုးစားဆောင်ရွက်သွားရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာထမ်းအင်္ဂလိပ်စကားပြောကျွမ်းကျင်မှု သင်တန်းဆင်း

နေပြည်တော် မေ ၇

မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ဆောင်ရမည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် ဝန်ထမ်းတိုင်း အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်တတ်မြောက်ထားရန် လိုအပ်ကြောင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ယမန်နေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် အရာထမ်းအင်္ဂလိပ်ဘာသာ စကားပြောကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါသင်တန်းသို့ အရာထမ်းသင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အမေရိုက်မှပိုနာသည်" တရားတော် (ဆရာတော်ဦးသုခမိတ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၅)**
၈း၄၅	Legendary Journey Live at Singapore (Part-6)
၉း၄၀	Sunday Talk (စာရေးဆရာကျော်ဦး၊ မျိုးမြတ်သူ)
၁၀း၁၅	ရွှေလင်းယုန်ဆရာတော်ကြီး၏ စိန်ရတုဝိဇာတမင်္ဂလာ
၁၀း၃၅	ဗီဒီယိုပြခန်း
၁၁း၀၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၁၁း၁၅	သွားမယ်စားမယ် (Golden Sea Food)
၁၁း၄၀	မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ -၂၀၁၁
၁၂း၀၅	စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁၂း၃၅	မဟာစည်သာသနာ့ရိပ်သာမှ နှစ်သစ်ကူးပဒေသာပင် ဆွတ်ခူးပွဲတော်
၁း၀၀	"အမေရိုက်မှပိုနာသည်" တရားတော် (ဆရာတော်ဦးသုခမိတ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (ညှော်သည်လာတာကောင်းတယ်၊ ညှော်သည်မလာတာကောင်းတယ်)
၃း၃၅	ကျန်းမာလှပသွယ်လျဖို့ Smart Girl ကိုသွားကြစို့
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၅)**
၄း၅၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ(အပိုင်း-၁၀)
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၈)**
၇း၁၀	Legendary Journey Live at Singapore (Part-7)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၅)
၉း၃၀	Barclays Premier League (Man U Vs Chelsea)
၁၁း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၆)**
၁၂း၃၀	အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၂း၄၅	ယုံကြည်စိတ်ချသူတို့ဘဝ
၁း၁၀	တစ်ပြည်ဝင်အိုး (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၁း၃၀	SINGAPORE Sunday
၁း၅၀	3D ကျွဲကော
၂း၀၅	ဒို့တိုင်းဌာနီရောဝတီ (ကြီးမားဖွံ့ထွားရောဝတီရဲ့ငါး)
၂း၃၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
၂း၄၅	Let's Dance (The Uranium Dance Studio)
၃း၁၅	ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
၃း၃၅	ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
၄း၀၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၄း၁၀	Music Talk (မိဘမေတ္တာ)
၄း၂၀	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၄း၄၅	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၅း၂၅	Wolverhampton	-	West Bromwich	ESPN (Live)
၇း၃၀	Stoke City	-	Arsenal	ESPN (Live)
၉း၃၀	Man U	-	Chelsea	ESPN (Live)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ ပြုလုပ်ခဲ့သော တရုတ်နှင့် ဗဟိုအာရှနိုင်ငံများ၏ အကြမ်းဖက်မှုဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှု။

တရုတ်နှင့် ဗဟိုအာရှနိုင်ငံများ အကြမ်းဖက်မှုဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်

ပေကျင်း မေ ၇

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်အိုစီ) အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော တရုတ်၊ ကာဂျီစတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့သည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အကြမ်းဖက်မှု ဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို သောကြာနေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

တီယန်ရှန်း-၂ (၂၀၁၁) ဟူ၍ အမည်ဝှက်ပေးထားသော အကြမ်းဖက်မှုဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အဆိုပါ သုံးနိုင်ငံမှ တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသ၌ အကြမ်းဖက်သမားများအား ရှာဖွေနှိမ်နင်းရန် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ကြမည်ကို ဖော်ပြနေသည်။

တီယန်ရှန်း-၂ (၂၀၁၁) အကြမ်းဖက်မှုဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အမိန့်ပေးထိန်းချုပ်မှု၊ ပြန်ပေးဆွဲခံရမှုများအား အင်အားသုံးလွတ်မြောက်စေမှုနှင့် အခင်းဖြစ်ရာနေရာကို ရှင်းလင်းခြင်းဟူ၍ အဆင့်သုံးဆင့်ပါဝင်သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပုံသဏ္ဌာန်မျိုးစုံဖြင့် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုများအား တုံ့ပြန်နိုင်စွမ်းရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၊ ကာဂျီစတန်နိုင်ငံနှင့် တာဂျစ်ကစ္စတန်နိုင်ငံများသည် အကြမ်းဖက်ဝါဒီများ၊ ခွဲထွက်ရေးဝါဒီများနှင့် အစွန်းရောက်ဝါဒီများ၏ အန္တရာယ်ကို ဘုံအန္တရာယ်အဖြစ် ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသား အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်းက တရုတ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ ပူးပေါင်း၍ တီယန်ရှန်း-၁ (၂၀၀၆) အကြမ်းဖက်မှု ဆန့်ကျင်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ***အင်တာနက်။***

နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများအကြား အရေးပေါ်ဖုန်းလိုင်းထားရှိရန် တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ စီစဉ်လျက်ရှိ

ဆိုးလ် မေ ၇

ပင်လယ်ပြင်နှင့် လေကြောင်းမတော်တဆမှုများကို တားဆီးရာတွင် အထောက်အကူပြုနိုင်ရန် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် ၎င်းတို့၏ ကာကွယ်ရေးဝန်ကြီးများအကြား အရေးပေါ်ဆက်သွယ်ရေးဖုန်းလိုင်းတပ်ဆင်ရန် စီစဉ်နေကြောင်း မေ ၆ ရက်သတင်းများတွင် ဖော်ပြသည်။

နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား အရေးပေါ်ဖုန်းလိုင်းထားရှိမည့်စီမံချက်ကို ယခုနှစ်နွေရာသီအတွင်း ကျင်းပမည့် တရုတ်နှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေး၌ ဦးစားပေးကိစ္စရပ်အဖြစ် ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း သတင်းများ၏အဆိုအရ သိရသည်။

လာမည့် ဇူလိုင်လအတွင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ကင်ဝမ်ဂျင်းသည် တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ကာကွယ်ရေးဝန်ကြီး လျံကွမ်းလီနှင့် ဆွေးနွေးမှုများ ပြုလုပ်ဖွယ်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

မတော်တဆထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်လွှဲနိုင်ရန် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် ၎င်းတို့၏ ရေတပ်နှင့် လေတပ်များအကြား အရေးပေါ်ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုကို ၂၀၀၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဖြစ်သည်။

သို့ရာတွင် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား အရေးပေါ်ဆက်သွယ်ရေးလမ်းကြောင်း ထားရှိခဲ့ခြင်းမရှိပေ။

တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အရာရှိအဆင့် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ အပြန်အလှန် စေလွှတ်၍ နားလည်မှုဖလှယ်ရန် ဆွေးနွေးခဲ့ဖူးသော်လည်း အကြောင်း အမျိုးမျိုးကြောင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိပေ။ ***အင်တာနက်။***

အာဂျင်တီးနား၏ ပဲပိစပ်ထုတ်ကုန်များကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူ

ဗျူနိုအေးရိုးစ် မေ ၇

၂၀၁၀ ခုနှစ်အတွင်း အာဂျင်တီးနားနိုင်ငံ၏ ပဲပိစပ်ထုတ်ကုန်များ၏ အဓိက ဈေးကွက်မှာ တရုတ်နိုင်ငံဖြစ်ကြောင်း မေ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် အာဂျင်တီးနား အမျိုးသား စာရင်းအင်းနှင့် သန်းခေါင်စာရင်းဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းကြေညာချက်အရ ယမန်နှစ်က အာဂျင်တီးနားနိုင်ငံ၏ ပဲပိစပ်ထုတ်ကုန်၏ ၈၃ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၆၈ ဘီလီယံခန့်ကို တရုတ်ဈေးကွက်သို့ တင်ပို့ခဲ့ရကြောင်း သိရသည်။ ယင်းအပြင် ရေနံကိုလည်း တရုတ်ဈေးကွက်သို့ အဓိကတင်ပို့ခဲ့ပြီး အိန္ဒိယနှင့် အီဂျစ်နိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ယမန်နှစ်က အာဂျင်တီးနားနိုင်ငံ၏ ပို့ကုန် ၂၇ မျိုးမှ ရရှိခဲ့သော ဝင်ငွေ၏ ၈၁ ဒသမ ၁ ရာခိုင်နှုန်းခန့်တွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ နှံစားသီးနှံများနှင့် ရွှေတို့ပါဝင်ပြီး ယင်းအထဲတွင် ပဲပိစပ်ထုတ်ကုန်များ အကြီးမားဆုံးဖြစ်သည်။ နိုင်ငံခြားပို့ကုန် ဝင်ငွေစာရင်း၏ ထိပ်ဆုံးတွင် ပဲပိစပ်ထုတ်ကုန် တင်ပို့မှုက အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃၁၇ ဘီလီယံဖြင့် ရပ်တည်နေပြီး ယင်းမှာ ၂၀၀၉ ခုနှစ်ကထက် ဝင်ငွေ ၃၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

မျိုးဗီဇဖောက်ပြန်မှုကြောင့် အသားဖြူသူများအဖြစ် မွေးဖွားလာသူ အာဖရိကသားများ သဘာဝလွန် အယူအဆများကြောင့် အသတ်ခံရ

ဒါရက်စ်ဆလမ် မေ ၇

တန်ဇန်းနီးယားနိုင်ငံရှိ မျိုးဗီဇဖောက်လွဲဖောက်ပြန်မှုများကြောင့် အသားဖြူသူများအဖြစ် မွေးဖွားလာခဲ့ရသော အယ်လ်ဗီနိုခေါ် အာဖရိကမျိုးနွယ်ဝင် ရာပေါင်းများစွာတို့သည် သဘာဝလွန်ယုံကြည်မှုများ၊ အယူအဆများကြောင့် သတ်ဖြတ်ခံခဲ့ရကြောင်း မေ ၅ ရက်သတင်းများတွင် ဖော်ပြသည်။

ကလေးများအပါအဝင် အယ်လ်ဗီနို ကျား၊ မ အနည်းဆုံး ၆၃ ဦးတို့သည် တန်ဇန်းနီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ အချည်းနှီး အသတ်ခံခဲ့ရကြောင်း ကနေဒါအခြေစိုက် လူ့အခွင့်အရေးအုပ်စုတစ်စုက ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံ၌ အယ်လ်ဗီနိုရာပေါင်းများစွာတို့ အသတ်ခံခဲ့ရကြောင်း၊ သို့ရာတွင် အသတ်ခံခဲ့ရသူ အနည်းငယ်မျှ၏ သတင်းကိုသာ ရဲတပ်ဖွဲ့ကရရှိခဲ့ကြောင်း ကနေဒါ လူ့အခွင့်အရေးအုပ်စုက ပြောကြားခဲ့သည်။

သတ်ဖြတ်ခံခဲ့ရသော အယ်လ်ဗီနိုများ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို အာဖရိကပယောဂဆရာများက ပီယဆေးဖော်ရာတွင် လည်းကောင်း၊ ဘဝနေထိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ၌ ကံကောင်းအောင်မြင်စေရန် အတွက်လည်းကောင်း လောကီအစီအရင်အဖြစ် အသုံးပြုကြသည်။

ယင်းအပြင် အယ်လ်ဗီနိုတစ်ဦးအဖြစ် မွေးဖွားလာသော မိန်းကလေးတစ်ဦးကို သားမယားအဖြစ် ပေါင်းသင်းပါက ခုခံအားကျဆင်းမှုရောဂါ ပျောက်ကင်းနိုင်သည်ဟူသော လွဲမှားသည့်အယူအဆကြောင့် အယ်လ်ဗီနိုမိန်းမငယ်များသည် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများကို ခံစားနေရကြောင်း ကနေဒါလူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံ၌ လူဦးရေ ၄၀ ဒသမ ၇ သန်းရှိရာ ၁ ဒသမ ၄ သန်းသည် ခုခံအားကျဆင်းမှု ရောဂါဖြစ်ပွားစေမည့် အိတ်ချ်အိုင်ဗွီပိုးရပ်စ်ပိုး ကူးစက်ခံရသူများဖြစ်သည်။

သဘာဝလွန်အယူအဆများကြောင့် အယ်လ်ဗီနိုများအား သတ်ဖြတ်မှုသည် တန်ဇန်းနီးယားနိုင်ငံ၌ လူမသိသူမသိဖြစ်ပွားနေကြောင်း ကနေဒါအခြေစိုက် လူ့အခွင့်အရေးအဖွဲ့ဖြစ်သည့် "တစ်မိုးတည်းအောက်"အဖွဲ့က ပြောကြားခဲ့သည်။ ***အင်တာနက်။***

ပြေးလမ်းချော်သောမြင်း ခြံစည်းရိုးကို ကျော်လွှား၍ ပွဲကြည့်ပရိသတ်အတွင်း ဝင်ရောက်

ဝါနမ်ဘိုးလ် မေ ၇

ဩစတြေးလျနိုင်ငံ ဗိတိုရိယပြည်နယ် အနောက်တောင် ကမ်းရိုးတန်းဒေသရှိ ဝါနမ်ဘိုးလ်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အခက်အခဲဖြတ်ကျော် မြင်းစီးပြိုင်ပွဲတစ်ခု၌ စီးသူမဲ့မြင်း တစ်ကောင်သည် ခြံစည်းရိုးကို ခုန်လွှား၍ ပွဲကြည့်ပရိသတ် အတွင်း ဝင်ရောက်ခဲ့ရာ **(အောက်ပုံ)**လူခုနစ်ဦး ဒဏ်ရာရခဲ့ကြောင်း မေ ၆ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် မေ ၅ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်နေစဉ် စီးသူပြုတ်ကျကျန်ရစ်ခဲ့သော မြင်းတစ်ကောင်သည် ပြေးလမ်းကြောင်းပြောင်းကာ ခုနစ်ပေမြင့်သော စည်းရိုးကို ခုန်လွှား၍ ပွဲကြည့်ပရိသတ်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ပခုံးညှပ်ရိုးကျိုးခဲ့ရသူနှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် ဒဏ်ရာရသူခုနစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်သည် ဝါနမ်ဘိုးလ်အခက်အခဲဖြတ်ကျော် မြင်းစီးပြိုင်ပွဲ၏ ပြိုင်ပွဲသက်တမ်း ၁၃၄ နှစ်အတွင်း ပထမဆုံး ဖြစ်ပွားခဲ့သော မတော်တဆမှုဖြစ်ပြီး အဘယ်ကြောင့် ယင်းသို့ ဖြစ်ပွားခဲ့သည်ကို ပြိုင်ပွဲစီစဉ်သူများက စုံစမ်းစစ်ဆေးလျက် ရှိသည်။ ***အေပီ။***

နွေဦးရာသီထိုးစစ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကန်ဒါဟာမြို့ရှိ အာဖဂန်အစိုးရရုံးဌာနများကို တာလီဘန်လက်နက်ကိုင်များ တိုက်ခိုက်

ကန်ဒါဟာ မေ ၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် ကန်ဒါဟာမြို့ရှိ အာဖဂန်အစိုးရ၏ ရုံးဌာနအဆောက်အအုံများကို အသေခံဗုံးခွဲသမား ခြောက်ဦးပါဝင်သော တာဘီဘန်လက်နက်ကိုင်များက စနေနေ့တွင် ထိုးစစ်တစ်ရပ်ဆင်နွှဲခဲ့ရာ နှစ်ဦး သေဆုံး၍ အနည်းဆုံး ၂၄ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုးစစ်ကို ၎င်းတို့၏ ခြေကုပ်ဒေသတစ်ခု ဖြစ်ခဲ့ဖူးရာ ကန်ဒါဟာပြည်နယ်အား ပြန်လည်ထိန်းချုပ်နိုင်ရေး အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန် အဖွဲ့၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကန်ဒါဟာပြည်နယ်၌ လုံခြုံရေးရယူနိုင်ရေးအတွက် အမေရိကန်သို့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့ဝင်များ၏ တစ်နှစ်နီးပါးကြာကြိုးပမ်းခဲ့မှု မည်မျှ အောင်မြင်ခြင်းရှိ၊ မရှိသည် တာလီဘန်တို့၏ စနေနေ့ထိုးစစ်ကြောင့် သံသယပွားဖွယ်ရှိလာကြောင်း သတင်းများတွင် ဖော်ပြသည်။

တာလီဘန်များ၏ ထိုးစစ်သည် မေ ၇ ရက် နေ့ခင်းကြောင်တောင်၌ စတင်ခဲ့ပြီး နေတိုး စစ်ဘက်ရဟတ်ယာဉ်များကလည်း ပြန်လည်တိုက်ခိုက်ခဲ့ရာ ကန်ဒါဟာမြို့တော်တစ်ခုလုံး၌ ငါးနာရီကျော်ကြာမျှ သေနတ်သံများ ပဲ့တင်ထပ်ခဲ့ရသည်။

အိုစမာဘင်လာဒင် သေဆုံးခဲ့ရခြင်းသည် အာဖဂန်ပုန်ကန်မှုများအတွက် စိတ်ဓာတ်ရေးရာမြှင့်တင်မှုတစ်ရပ် ဖြစ်လာကြောင်း တာလီဘန်အဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့ပြီး တစ်ရက်အကြာ၌ တာလီဘန်များ၏ တိုက်ခိုက်မှုများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ပြီးခဲ့သည့်လ အကျဉ်းထောင်ဖောက်မှုအတွင်း လွတ်မြောက်လာသော စစ်သွေးကြွများအပါအဝင် တိုက်ခိုက်ရေးသမား ၁၀၀ ကျော်သည် ကန်ဒါဟာ မြို့တော်တိုက်ပွဲများအတွင်း ပါဝင်ခဲ့ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကန်ဒါဟာမြို့တော်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများသည် ပြီးခဲ့သည့် ရက်သတ္တပတ်က စတင်ခဲ့သော တာလီဘန်များ၏ နွေဦးရာသီထိုးစစ်ဖြစ်သည့် ဘာဒါစစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

ဥရောပသမဂ္ဂက ရုပ်ကြွင်းလောင်စာတင်သွင်းမှု ထက်ဝက်လျှော့ချမည်

မော်စကို မေ ၇

ဥရောပသမဂ္ဂ (အီးယူ)သည် ရုပ်ကြွင်းလောင်စာ တင်သွင်းမှုကို ၂၀၅၀ ပြည့်နှစ်ထက်နောက်မကျဘဲ ထက်ဝက် လျှော့ချမည်ဖြစ်ကြောင်း မော်စကိုတိုင်းမ်စ်သတင်းစာက မေ ၆ ရက်တွင် ရေးသားဖော်ပြသည်။

ကာဗွန်ဓာတ်ငွေ့လျှော့ချကာ စီးပွားရေးတိုးတက်စေမည့် လမ်းပြမြေပုံတစ်ရပ်ကို မဟာဗျူဟာသစ်အဖြစ် ဥရောပသမဂ္ဂက ကျင့်သုံးမည်ဖြစ်သည်။ ယင်းမဟာဗျူဟာအရ ဥရောပသမဂ္ဂ သည် ၂၀၅၀ ပြည့်နှစ် နောက်ဆုံးထား၍ ၁၉၉၀ ပြည့်နှစ်က ရှိခဲ့သော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု၏ ၂၀ ရာခိုင်နှုန်းကို လျှော့ချမည်ဖြစ်ကြောင်း သတင်းစာကရေးသား သည်။

အီးယူအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့တင်သွင်းမှု ထက်ဝက်လျှော့ချခြင်းဖြင့် ယူရိုငွေ ဘီလီယံ ၄၀၀ ခန့် အကုန် အကျသက်သာမည်ဖြစ်သည်။ ယင်းငွေကြေးပမာဏသည် လက်ရှိ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ သုံးရာခိုင်နှုန်း နှင့် ညီမျှသည်ဟုဆိုသည်။

လောင်စာအတွက်ကျခံသုံးစွဲရသည့် ငွေကြေးပမာဏကို ၁၇၅ ဘီလီယံမှ ၃၂၀ ဘီလီယံအထိ မြှုံးခြံချွေတာရန် မဟာဗျူဟာ သစ်က ရည်မှန်းပြီး စွမ်းအင်သုံးစွဲမှုကို ၂၀၀၅ ခုနှစ် စွမ်းအင် ပမာဏ၏ ၇၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်သည်။

အီးယူက သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် အဆောက် အအုံများအတွင်း အပူပေးစက်များအသုံးပြုရာတွင် ရုပ်ကြွင်း လောင်စာအစား လျှပ်စစ်ဓာတ်အားကို အသုံးပြုရန်ရည်မှန်းထား ကြောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကျွမ်းကျင်သူ ပညာရှင်က ပြောကြားသည်။

ရုရှားနိုင်ငံသည် ဥရောပရေနံဈေးကွက်ကို မှီခိုနေရာမှ အာရှရေနံဈေးကွက်သို့ ပြောင်းလဲမှီခိုလာနိုင်ကြောင်း ခန့်မှန်း ရသည်။

ဥရောပသမဂ္ဂ သဘာဝပတ်ဝန်းကျင်ကော်မရှင်၏ နိုင်ငံတကာ ညွှန်ကြားရေးမှူး တီမိုမာကီလာသည် မေ ၁၈ ရက်မှ ၂၀ ရက် အထိ မော်စကိုသို့လာရောက်၍ သဘာဝပတ်ဝန်းကျင်မပျက် စွမ်းအင် ရရှိရေးကိစ္စကို ဆွေးနွေးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် နယ်လိုမြို့ရှိ ပုစွန်ကုန်ချောထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယ၏ ပင်လယ်အစားအစာထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးလျက်ရှိ ယခုနှစ်တွင် ဥရောပဈေးကွက်သို့ တင်ပို့မှု မြင့်တက်လာမည်ဟု မျှော်မှန်း

ဘရပ်ဆယ် မေ ၇

အိန္ဒိယနိုင်ငံ၏ ပင်လယ်အစားအစာ တင်ပို့ရောင်းချမှုသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ယခင် ဘဏ္ဍာရေးနှစ်ကထက် ပိုမိုတိုးတက်လာကြောင်း၊ အိန္ဒိယနိုင်ငံကထုတ်လုပ်သော ပင်လယ်အစားအစာများကို ဥရောပသို့ အဓိကတင်ပို့ရောင်းချကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက မေ ၇ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ပင်လယ်အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍသည် တိုးတက်ဖွံ့ဖြိုးလျက်ရှိကြောင်း အိန္ဒိယ အဏ္ဏဝါ ထုတ်ကုန်တင်ပို့ရေးလုပ်ငန်း အာဏာပိုင်အဖွဲ့အကြီးအကဲ လီနာနိုင်းက ပြောကြားသည်။

လီနာနိုင်းသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ မေ ၃ ရက်မှ မေ ၅ ရက်အထိကျင်းပခဲ့သော (၁၉)ကြိမ်မြောက် ဥရောပပင်လယ်အစားအစာ ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါကုန်စည်ပြပွဲ၌ အိန္ဒိယကုမ္ပဏီ ၁၆ ခုက ပါဝင်ပြသခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ ပင်လယ်အစားအစာ ပို့ကုန်များအနက် ပုစွန်ပို့ကုန်သည် အဓိကအရေးပါကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ်တွင် ဥရောပဈေးကွက်သို့ အိန္ဒိယပင်လယ်အစားအစာ ပို့ကုန်တင်ပို့မှု ၁၅ရာခိုင်နှုန်း မြင့်တက်လာမည်ဟု မျှော်မှန်း ထားကြောင်း ၎င်းကပြောကြားသည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်ဘဏ္ဍာရေးနှစ်က ပင်လယ်အစားအစာပို့ကုန် ဒေါ်လာ ၂ဒသမ ၁ဘီလီယံဖိုး တင်ပို့ရောင်းချ ခဲ့ရပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံဖိုး တင်ပို့ရောင်းချခဲ့သည်။ **အင်တာနက်။**

အင်ဒိုနီးရှားတွင် လေယာဉ်ပျက်ကျ အသက်ရှင်သူမရှိ

ဂျကာတာ မေ ၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း၌ စနေနေ့က မိုးသည်းထန် စွာရွာသွန်းနေစဉ် လေယာဉ်တစ်စင်းသည် ပင်လယ်ပြင် အတွင်း သို့ပျက်ကျသွားကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာ သည့် ခရီးသည် ၂၅ ဦးနှင့် လေယာဉ်အမှုထမ်းအားလုံး သေဆုံးကြ ကြောင်း ရေတပ်အရာရှိတစ်ဦးက ပြည်တွင်း အသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

လေယာဉ်သည် ပေါက်ကွဲ၍ ပင်လယ်ထဲသို့ပျက်ကျခဲ့ရာ အပိုင်းအစများဖြစ်သွားကြောင်း၊ လေယာဉ်ပေါ်ပါသူအားလုံး သေဆုံးခဲ့ပြီး ရေတွင်ပေါ်နေသည့်အလောင်း ၁၅လောင်းကို တွေ့ရှိရကြောင်း၊ ကျန်ခရီးသည်များ၏ အလောင်းများသည် အပျက်အစီးများအတွင်း၌ ပိတ်မိနေကြောင်း ကယ်ဆယ်ရေး လုပ်ငန်းတွင်ပါဝင်သူအရာရှိက အယ်လ်ရှင်တာ ရေဒီယိုသို့ ပြောကြားခဲ့သည်။

ကနဦးသတင်းတွင် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မာပါတီနူဆန်တာရာ လေကြောင်း လိုင်း၏ အမ်အေ-၆၀လေယာဉ်ပေါ်တွင် ခရီးသည် ၂၁ဦးနှင့် အမှုထမ်းခြောက်ဦးပါကြောင်း ပြောကြားခဲ့သည်။

ရေပြင်အောက် ခြောက်ကီလိုမီတာအနက်သို့ ကျရောက် သွားသည့် အပျက်အစီးများအတွင်း၌ ကျန်ရစ်သော ခရီးသည် များ၏အလောင်းကို ရေတပ်မှ ရေငုပ်သမား ၁၀ဦးက ကြိုးစား ရှာဖွေနေသည်ဟု ရေတပ်အရာရှိ ဂူနာဝမ်က ပြောသည်။

လေယာဉ်ပျက်ကျသည့်အချိန် နေ့လယ်ပိုင်းတွင် မိုးသည်းထန်စွာရွာနေသည်ဟုဆိုသည်။

လေကြောင်းလိုင်း တာဝန်ရှိသူများသည် ခရီးသည် များ၏အရေအတွက်ကို တိတိကျကျ ပြောပြနိုင်စွမ်းမရှိပေ။ ဂျကာတာဂလုပ်သတင်းစာတွင်မူ အဆိုပါ သေဆုံးသူများတွင် ကလေးနှစ်ဦးနှင့် ရင်သွေးငယ်တစ်ဦး ပါဝင်သည်ဟု ဖော်ပြ သည်။ **အေအက်ဖ်ပီ။**

ဘရာဇီးရဲတပ်ဖွဲ့ဝင်များနှင့် ဖမ်းဆီးထားသော မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီးရဲတပ်ဖွဲ့က ဆာဘီးယားမူးယစ်ဆေးဝါးဂိုဏ်းကို ဖြိုခွင်း ကိုကင်းများကို အာဖရိက၊ ဥရောပနှင့် အာရှသို့ ပို့ဆောင်ခဲ့

ဆာပေါ်လို(ဘရာဇီး) မေ ၇

ဥရောပသို့ မူးယစ်ဆေးဝါးများ တရားမဝင်တင်သွင်းနေသည်ဟု စွပ်စွဲထားသည့် ဆာဘီးယားလူမျိုး ၁၆ဦးပါ ဂိုဏ်းတစ်ဂိုဏ်းကို ဖမ်းဆီးခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က မေ ၆ ရက်တွင် ပြောကြားသည်။

မေ ၁ ရက်မှ ၅ ရက်အတွင်း အဆိုပါ မူးယစ်ဆေးဝါး တရားမဝင် မှောင်ခိုသယ်ပို့သူများဟု သံသယရှိသည့် ၁၆ ဦးကို ဘရာဇီး၊ ပီရူး၊ ဘိုလီဗီးယား၊ ပါရာဂွေးနှင့် အာဂျင်တီးနားနယ်စပ်တစ်လျှောက်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးထားသူများ၏အမည်နာမများကို ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောဆိုခြင်းမပြုသော်လည်း ဆာဘီးယားလူမျိုးများဖြစ်ကြ သည်ဟု ပြောကြားကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ဆာဘီးယားဂိုဏ်းသည် ဘရာဇီးနိုင်ငံအတွင်း၌ လှုပ်ရှားနေသည်မှာ ၁၀နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ကိုလံဘီယာနှင့် ပီရူးမှလာသော ကိုကင်းများကို အာဖရိက၊ ဥရောပနှင့် အာရှသို့ ဘရာဇီးမှတစ်ဆင့် ပို့ဆောင်နေကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိဟောင်းတစ်ဦးက ပြောသည်။

အင်တာနက်။

မတူညီသောတပ်မတော်သုံးရပ်၌ စစ်မှုထမ်းခဲ့သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၈၆နှစ်အရွယ်တွင် ကွယ်လွန်

ဒါကာ မေ ၇

ဘဝသက်တမ်းတစ်လျှောက်၌ မတူညီသော တပ်မတော်သုံးခုတွင် စစ်မှုတာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လွတ်မြောက်ရေးတိုက်ပွဲများတွင် ပါဝင်ခဲ့သူ ကာဇီနူရုဇာမင်ဆိုသူသည် အသက် (၈၆) နှစ်အရွယ်၌ ကွယ်လွန်ခဲ့ကြောင်း မေ ၇ ရက် သတင်းများတွင် ဖော်ပြသည်။

၁၉၂၅ ခုနှစ်တွင် မွေးဖွားခဲ့သူ နူရုဇာမင်သည် ဗြိတိသျှ အိန္ဒိယအင်ပိုင်ယာ ရေတပ်၌ ၁၉၄၃ ခုနှစ်၌ စစ်မှုတာဝန် မထမ်းဆောင်မီ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ စိန့်ဇေဗီးယား တက္ကသိုလ်၌ ဓာတုဗေဒအဓိကဘာသာရပ်ဖြင့် ပညာသင်ကြား ခဲ့သူ ဖြစ်သည်။

၁၉၄၆ခုနှစ်၌ နူရုဇာမင်သည် အိန္ဒိယတပ်မတော်၌ တာဝန်ထမ်းခဲ့ပြီး ဒေရာဒန်းအိန္ဒိယစစ်တက္ကသိုလ်၌စစ်မှုရေးရာ များ လေ့လာသင်ယူခဲ့ရသည်။

၁၉၄၇ ခုနှစ်တွင် ဒေရာဒန်းစစ်တက္ကသိုလ်မှ ကျောင်း ဆင်းခဲ့ပြီးနောက် အိန္ဒိယတပ်မတော်၌ ပြန်တမ်းဝင် အရာရှိ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗြိတိသျှအိန္ဒိယ အင်ပိုင် ယာသည် အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ နှစ်ပိုင်းကွဲပြီးနောက် မိသားစုများရှိရာ ပါကစ္စတန်၌ နေထိုင်ခဲ့ရသော နူရုဇာမင် သည် ပါကစ္စတန်တပ်မတော်၌ ဆက်လက်အမှုထမ်းခဲ့ပြီး ဒုတိယဗိုလ်မှူးကြီးဘဝဖြင့် အငြိမ်းစားယူခဲ့သည်။

စစ်ဖြင့် အကျိုးပေးသော နူရုဇာမင်သည် ပါကစ္စတန် ၏လက်အောက်မှ လွတ်မြောက်ရန်အတွက် ဘင်္ဂလားဒေ့ရှ် ၏ လွတ်လပ်ရေးတိုက်ပွဲကာလအတွင်း စစ်မှုတာဝန်ကို တစ်ဖန် ပြန်လည်ထမ်းဆောင်ခဲ့ကာ ဘင်္ဂလားဒေ့ရှ် လွတ်မြောက် ရေးတပ်ဖွဲ့များဘက်မှ ပါဝင်တိုက်ပွဲဝင်ခဲ့သည်။

လွတ်လပ်ရေးလှုပ်ရှားမှုကာလအတွင်း ပြောင်မြောက် သော စွမ်းဆောင်ချက်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒုတိယအမြင့်ဆုံးမော်ကွန်းဝင်ဆုတံဆိပ်ရရှိခဲ့သူ နူရုဇာမင် သည် ဒါကာမြို့တော်ဆေးရုံ၌ မေ ၆ ရက်က ကွယ်လွန်ခဲ့ ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် ဒေလီးစတား သတင်းစာ တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အနောက်ဂျာဗားပြည်နယ်၌ မိုးသည်းထန်ပြီး မြေပြို ၁၇ ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိ

ဂျကာတာ မေ ၇

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့၍ လူ ၁၇ ဦးသေဆုံးကာ နှစ်ဦးပျောက်ဆုံးနေပြီး ဒဏ်ရာရသူများ ရှိခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားသည်။ အနောက်ဂျာဗားပြည်နယ် သဘာဝဘေး စီမံခန့်ခွဲရေးနှင့် လျော့ပါးရေးအေဂျင်စီမှ အထက်တန်းအရာရှိ ယာယာဆူဟာရန်တိုက ဆင်ဟွာသတင်းဌာနသို့ပြော ကြားရာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မေ ၆ရက်မွန်းလွဲပိုင်းတွင် မြေပြိုမှုဖြစ်ပွားပြီး ရုတ်တရက် ရေလွှမ်းမိုးမှုများဖြစ်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံများက ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ပြောကြားသည်။**ဆင်ဟွာ။**

စာချစ်သူများအတွက် မီဒီယာကော်နာ

တက္ကသိုလ်
သခ်

ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမဆောင်၌ မေလ ၂ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မီဒီယာကော်နာဆိုင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက **"ယနေ့သည် မင်္ဂလာရှိသည့်နေ့ဖြစ်ကြောင်း၊ မီဒီယာကော်နာဆိုင်များဖွင့်လှစ်နိုင်ခြင်းဖြင့် ပြည်သူများ စာပိုမိုဖတ်လာနိုင်မှာဖြစ်ကြောင်း၊ ပြည်သူများသည် လူမှုကိစ္စများဖြင့် လှုပ်ရှားသွားလာနေကြရကြောင်း၊ သင့်လျော်သည့်နေရာအချို့တွင် ဖွင့်လှစ်ထားသော မီဒီယာကော်နာဆိုင်ခန်းများ၌ စာအုပ်စာပေများကို လက်လှမ်းတမီ ဝယ်ယူဖတ်ရှုနိုင်ကြမည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက-

"မီဒီယာကော်နာ (Media Corner) သို့မဟုတ် Book Corner ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သမိုင်းမှတ်တိုင် (Mile Stone) ပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ၏ Standard ပင်ဖြစ်ကြောင်း" ပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက-

"မီဒီယာကော်နာဆိုင်များကို သင့်လျော်သည့်နေရာများတွင် ဖွင့်လှစ်နိုင်အောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့အပြင် အခြားမြို့ကြီးများတွင်လည်း ဆက်လက်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီဒီယာကော်နာဆိုင်များ များများအကောင်အထည်ဖော်နိုင်လေ စာဖတ်သူများ စာပေဖတ်ရှုနိုင်မှုအခွင့်အလမ်း ပိုမိုများပြားလာလေဖြစ်မည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများအတွက်လည်း စာပေဖတ်ရှုလေ့လာမှု ကျယ်ပြန့်လာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် **"စာအုပ်စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရန်"**ဟူ၍ အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တွင် ရှေးမဆွကပင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့အပြင် စာအုပ်စာစောင်များ စာဖတ်ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနိုင်ရေးအတွက် ဖြန့်ချိရေးကွန်ရက်ကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့ပါ၏။

ထိုသို့ ဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံအချို့တွင် လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည့် မီဒီယာကော်နာဆိုင်များကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခဲ့ကြပြီး ရန်ကုန်မြို့တွင် ရှေ့ပြေးစမ်းသပ်အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြ၏။ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနသို့ စီမံချက်ရေးဆွဲတင်ပြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီပံ့ပိုးမှုဖြင့် မီဒီယာကော်နာဆိုင်ခန်းများဖွင့်လှစ်နိုင်ရန် အစပျိုးခဲ့၏။ မီဒီယာကော်နာဆိုင်ခန်း ဖွင့်လှစ်လိုသူများထံမှ လျှောက်လွှာများခေါ်ယူခဲ့၏။ တင်သွင်းလာသော တင်ဒါအဆိုပြုလွှာများကို မီဒီယာကော်နာစီမံကြီးကြပ်ရေးကော်မတီက စနစ်တကျ စိစစ်ရွေးချယ်ခဲ့၏။ ဆိုင်ခန်းအတွက် သင့်တင့်သောကျသင့်ငွေကို ဆိုင်ခန်းငှားရမ်းသူများအားပေးသွင်းစေပြီး အဖွဲ့ကြီးက တာဝန်ယူဆောက်လုပ်ပေးခဲ့၏။

လောလောဆယ် အဖွဲ့ကြီးက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ဆိုင်ခန်းပေါင်း ၁၆ ခန်းရှိသည်။ ပုဇွန်တောင်မြို့နယ်တွင် တစ်ခန်း၊ ဗိုလ်တထောင်မြို့နယ်တွင် သုံးခန်း၊ ကျောက်တံတားမြို့နယ်တွင် ငါးခန်း၊ ပန်းဘဲတန်းမြို့နယ်တွင် နှစ်ခန်း၊ လသာမြို့နယ်တွင် တစ်ခန်းနှင့် လမ်းမတော်မြို့နယ်တွင် လေးခန်းတို့ ဖြစ်ကြသည်။

ဆိုင်ခန်းငှားရမ်းသူများသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းဖြင့် **"စာပေလောကသားများ၏ တရားသဖြင့် ရသင့်ရထိုက်သည့်အခွင့်အရေးများကို တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်"**ဟူသော အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပါ၏။

မီဒီယာကော်နာဆိုင်များ၏ ထူးခြားချက်မှာ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာအပါအဝင် မီဒီယာနှင့် သက်ဆိုင်သည်များကို ဦးစားပေးရောင်းချရန်သာဖြစ်ပြီး စီးကရက်၊ အရက်နှင့် စားသောက်ကုန်များကို ရောင်းချခြင်းမပြုရန် တားမြစ်ထားပါသည်။ ဆိုင်ခန်းများအတွက် အခြားလိုအပ်ချက်များကို ဆိုင်ခန်းငှားရမ်းသူများနှင့် မီဒီယာကော်နာ စီမံကြီးကြပ်ရေးကော်မတီတို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် အခက်အခဲများ ပြောပလောက်ဖွယ် မရှိနိုင်ပေ။

ရန်ကုန်မြို့လယ် ခြောက်မြို့နယ်တွင် ဖွင့်လှစ်မည့် မီဒီယာကော်နာဆိုင်ခန်းများ၏အခြေအနေကို လေ့လာပြီး ရန်ကုန်မြို့ရှိ ကျန်မြို့နယ်များတွင် တိုးချဲ့ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ ထိုနည်းတူစွာ မန္တလေးမြို့တွင်လည်း ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ထံ တင်ပြညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် **"အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ပုံနှိပ်လုပ်ငန်း၊ စာအုပ်ဆိုင်လုပ်ငန်းနှင့် ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်"** အခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ အဖွဲ့ကြီး၏ ရန်ပုံငွေတိုးတက်ရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မည်သို့ရှိစေ ကျွန်တော်တို့သည် ပြည်ထောင်စုဝန်ကြီး မှာကြားသကဲ့သို့ **"မီဒီယာကော်နာဆိုင်များ အကောင်အထည်ဖော်နိုင်လေ စာဖတ်သူပိုများလာလေ"**ဟူသော လမ်းညွှန်ချက်ကို ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် စာဖတ်သူတိုးပွားရေးနှင့် စာဖတ်ရှုနိုင်မြင့်တင်ရေးကို ဧကန်မုချ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ သက်တမ်းတစ်လျှောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် မီဒီယာကော်နာဆိုင်များ စတင်ဖွင့်လှစ်နိုင်ခြင်းသည် အဖွဲ့ကြီးအတွက် ထူးခြားသော သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူလိုက်နိုင်ခြင်းပင် ဖြစ်ပါ၏။

စာပေချစ်မြတ်နိုးသူများအပါအဝင် စာပေလောကသားများအတွက် လိုအပ်ချက်ကို ယခုဖွင့်လှစ်လိုက်သည့် မီဒီယာကော်နာဆိုင်များက ဖြည့်ဆည်းပေးလိုက်နိုင်သဖြင့် အမျိုးသားအကျိုးစီးပွားကို လိုလားသူတိုင်း ကြိုဆိုကြလိမ့်မည်ဟု ယုံကြည်မိပါ၏။ ။

မီဒီယာကော်နာ (Media Corner) သို့မဟုတ် Book Corner ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သမိုင်းမှတ်တိုင် (Mile Stone) ပင်ဖြစ်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ၏ Standard ပင်ဖြစ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၅ ၈။ အကပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၄၀)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "ကိုယ်ရယ်၊ တိုးရယ်၊ စိုးစိုးရယ်" (ညွန့်ဝင်း၊ ခင်သန်းနု၊ သန်းထွဋ်၊ ပုလဲ) (ဒါရိုက်တာ-ဦးတင်မောင်)**
- ၂း၃၅ ၇။ အတီးပြိုင်ပွဲ
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ ကမ္ဘာ့ကြက်ခြေနီများနေ့တေးများ
- ၅း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၁၈)**
- ၆း၄၀ ၁၂။ **တစ်မျက်နှာ၊ တစ်ကွက်စာ "သက်ပိုင်စိုးသူ" (မိုးထက်ပိုင်၊ ကေကေမိုးမြင့်) (ဒါရိုက်တာ-လင်းထွဋ်မောင်)**
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၉)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၁၂)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၄)**
- ၁၉။ အစီအစဉ်ပြီး၏။

Gano Excel Myanmar နှစ်ပတ်လည် အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၇

Gano Excel Myanmar ၏ (၈)ကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မေ ၁ ရက် ညနေ ၆ နာရီတွင် ကုန်သည်ကြီးများဟိုတယ် Ball Room-1 ၌ ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ အသင်းဝင် ၄၆၀ ခန့် တက်ရောက်ကြသည်။ အခမ်းအနားတွင် တက်ရောက်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ၂၀၁၀ ခုနှစ် မတ်လမှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း PGPV-500 ၁၀ လပြည့်မီသော အသင်းဝင်များအား ကျပ်သိန်း ၁၀၀ တစ်ဆု၊ ကျပ် ၁၀ သိန်း သုံးဆု၊ ကျပ် ငါးသိန်း ၁၀ ဆု၊ LCD TV နှစ်ဆု မဲဖောက်ချီးမြှင့်ပေးအပ်ကာ အတော်ဆုံး Diamond တစ်ဦးအား ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်ခဲ့ပြီး ဝန်ထမ်းအဆင့်ဆင့်ဂုဏ်ပြုဆုလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

နွေစပါး ကွင်းပိတ် စိုက်ပျိုးပွဲအခမ်းအနား လှိုင်ကော်မြို့၌ ကျင်းပ

နေပြည်တော် မေ ၇

ကယားပြည်နယ် ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးကွင်းပိတ်စိုက်ပျိုးပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီတွင် လွိုင်ကော်မြို့ ထေးငှားလျားကျေးရွာရှိ တောင်သူဦးဗျားရယ် လယ်မြေ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာက ပြည်နယ်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ပန်းတိုင်အထွက်နှုန်းထက် ထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ကယားပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မျိုးစေ့ပြခန်း၊ မြေအသုံးချရေးပြခန်းနှင့် သီးနှံကာကွယ်ရေးပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်တို့ မေ ၆ ရက်က ပျဉ်းမနားမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း(၁)၌ စစ်ဆေးစဉ်။

(ကြေးမုံ)

နေပြည်တော် ကုန်စည်ပြပွဲ (၂၀၁၁)၌ လာရောက်လေ့လာသူများ၊ ပစ္စည်းဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်မှ

ခင်းကျင်းပြသရောင်းချနေသည့် ပစ္စည်းများမှာ အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ လုံခြုံရေးသုံး ပစ္စည်းများ၊ အမျိုးသား၊ အမျိုးသမီး အဝတ်အထည်များ၊ အလှကုန်နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာ ပစ္စည်းများ၊ အိမ်တွင်းအလှဆင် ပစ္စည်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျန်းမာရေး အထောက်အကူပြု ဆေးဝါးများ၊ Fancyပစ္စည်းများ၊ အလှပြုပြင်ရေးလုပ်ငန်းများ၊ ပရိဘောဂများ၊ သစ်တောထွက်ပစ္စည်းများ၊ အကြီးစားနှင့် အလတ်စား စက်ပစ္စည်းများ၊ စက်မှုဇုန် ထုတ်ကုန်များ၊ စာရေးကိရိယာနှင့်အခြား လူသုံးကုန်ပစ္စည်းများ ဖြစ်သည်။

ယခုကျင်းပနေသော နေပြည်တော် ကုန်စည်ပြပွဲ (၂၀၁၁) သည် နေပြည်တော်၌ ပထမဆုံးအကြိမ် ပြုလုပ်သော ကုန်စည်ပြပွဲကြီးဖြစ်ပြီး မေ ၈ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များ**မှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော် (တပ်ကုန်း) တွင် သုည ဒသမ ၃၉ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မာန်အောင်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီနှင့် မော်ဘီမြို့တွင် ၁ ဒသမ ၈၉ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❖ မန္တလေး-လားရှိုးမှ

ဩဂုတ် ၁၄ ရက်မှစတင်၍ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် ဌာနခြောက်ခုဖြင့် ဖွဲ့စည်းထားသော်လည်း ရေပူစခန်းတွင် ငွေကြေးလုပ်ငန်းများ ဆောင်ရွက်ရန်မရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်ခွဲမှအပ ကျန်ဌာနငါးခုဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ရေပူကုန်ပစ္စည်းစစ်ဆေးရေးစခန်းကို ပို့ကုန်၊ သွင်းကုန် ကုန်တင်ယာဉ်ပေါင်း ၅၀၀ ခန့်၊ ခရီးသည်တင်ယာဉ် ၁၅၀၀ ခန့်နှင့် ခရီးသည်ပေါင်း ၆၅၀၀ ခန့်တို့ နေ့စဉ်ဖြတ်သန်းလျက်ရှိပြီး နယ်မြေလုံခြုံရေးအခြေအနေနှင့် လျှပ်စစ်မီးမရရှိသောကြောင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လျင်မြန်မှန်ကန်စွာ စစ်ဆေးဆောင်ရွက်ပေးလျက် ရှိနေသည်ကို တွေ့မြင်ခဲ့ရပါသည်။နယ်စပ်ကုန်သွယ်ရေးဇုန်များဖြစ်သည့် ချင်းရွှေဟော်နှင့် မူဆယ် ၁၀၅ မိုင်တို့ကို ဖြတ်သန်းသွားရမည့်စခန်းတစ်ခုဖြစ်သည်နှင့်အညီ တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများကိုသာမက လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးများ၊ လူကုန်ကူးမှု ကာကွယ်တားဆီးခြင်းများကို တစ်ပြိုင်နက်တည်း တားဆီးဆောင်ရွက်ကြရာတွင် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက် အထိ လိုင်စင်မဲ့ မော်တော်ယာဉ်ကြီး တစ်စီး၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၆ စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀၊ ဘိန်းဖြူ ၃၂၀ ဂရမ်အပါအဝင် စုစုပေါင်း ကျပ်သိန်းပေါင်း ၁၀၄၂ ခန့် သိမ်းဆည်းရမိခဲ့သည်။

မန္တလေး-လားရှိုး-မူဆယ်(နမ့်ခမ်း) ကားလမ်း၏ နာမည်ကျော် ရေပူစခန်းသည် ခရီးသွားတို့အတွက် လမ်းခရီးတစ်ထောက် အနားယူအပန်းပြေစေရုံသာမက နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ဆုံးရှုံးမှုမှ ကာကွယ်ပေးသည့်အပြင် နိုင်ငံတော်နှင့် နယ်မြေဒေသ လုံခြုံရေးကိုလည်းကောင်း၊ တစ်မျိုးသားလုံးသာမက ကမ္ဘာ့နိုင်ငံများရှိ လူသားတို့အတွက် ဆိုးကျိုးဖြစ်စေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ခေတ်သစ်ကျွန်စနစ်သဖွယ်ဖြစ်သည့် လူကုန်ကူးမှု အန္တရာယ်တို့ကို တားဆီးကာကွယ်ပေးလျက်ရှိသည့် စခန်းတစ်ခုဖြစ်သည်ကို ခရီးတစ်ထောက် ဝင်ရောက်လေ့လာတင်ပြလိုက်ရပါသည်။ ။

ရေပူ ကုန်ပစ္စည်း စစ်ဆေးရေးစခန်း သွင်းကုန် - ကုန်စစ်စင်၌ ကုန်တင်ကားကြီးများဖြင့် တင်ဆောင် လာသော သွင်းကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးစဉ်။

ရေပူ ကုန်ပစ္စည်း စစ်ဆေးရေး စခန်းတွင် ပို့ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ကားကြီးများ စစ်ဆေးခံရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၂)**
၁၁:၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားရဲ့ဆွဲငင်ရာ**
၁၂:၃၀ ၆။ ကျန်းမာသုတ
၁၂:၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၆၅)**
၁:၄၀ ၈။ အပိတ်နှုတ်ဆက်စကား
၁:၄၅ ၉။ ပြီးပါပြီ

ညပိုင်း

၄:၀၄ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၅။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၆။ မြန်မာ့ရှုခင်း
၄:၅၀ ၇။ ကြိုတင်တားဆီးရန်သူမီး
၅:၁၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၂။ ဘဝကြေးမုံ
၆:၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၆)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၇)**
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၅၁)**
၂၄။ သင့်အတွက်မနက်ဖြန်

ခရီးသည်နှင့်မော်တော်ယာဉ်များ စည်းကမ်းရှိစေချင်

သတင်းမှတ်စု-မောင်မောင်

ရန်ကုန် မေ ၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်ရှိ အင်းစိန်လမ်းဘက်မှ ရန်ကုန်မြို့တွင်းသို့သွားသော ယာဉ်လိုင်းအချို့သည် လှည်းတန်းမီးပွိုင့် (ပြည်မြန်မာကုန်တိုက်ရှေ့)၌ရပ်၍ ခရီးသည် အတင်အချပြုလုပ်နေမှုများကြောင့် ယာဉ်နှစ်ထပ်ဖြစ်ခြင်း၊ မီးပွိုင့်တွင် ကားပိတ်ဆို့မှုများဖြစ်ခြင်း၊ လှည်းတန်းလမ်းဘက်သို့ ကွေ့သွားရမည့်ယာဉ်များ အလွယ်တကူသွားလာ၍မရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ အချို့သော ယာဉ်လိုင်းများမှာ မီးပွိုင့်စိမ်းနေစဉ် လွတ်အောင်မောင်းမည်ဆိုပါက မောင်းနိုင်သော်လည်း မောင်းနှင်ခြင်းမပြုဘဲ နောက်ကားများကို ကျော်တက်ခိုင်းကာ မီးနီမိရန်ချိန်မောင်းပြီး အဆိုပါနေရာ၌ ခရီးသည်တင်လျက်ရှိသည်ကို နေ့စဉ် တွေ့မြင်နေရသည်။ ***(ယာပုံ)***

လှည်းတန်း၌နေထိုင်သူ ကုမ္ပဏီဝန်ထမ်းတစ်ဦးက "ကျွန်တော်တို့က နေ့စဉ်ရုံးသွားနေရတော့ နံနက်ဆို ရုံးချိန်အမီပြေးရတယ်ဗျ။ ကိုယ်စီးရမယ့်ကားက ဒီနေရာမှာရပ်ပြီးလူတင်တော့ ကျွန်တော်တို့လည်းမှတ်တိုင်အထိ သွားမနေရတော့ဘူးလေ။ ဒီနေရာကပဲ တက်စီးလိုက်တော့တယ်။ မှတ်တိုင်အထိသွားရင်လည်း ရုံးတက်ချိန်ဖြစ်တော့ တစ်ခါတလေ မီးပွိုင့်ကို နှစ်ခါသုံးခါလောက်ပြန်မိနေတာမို့ ရုံးနောက်ကျတယ်"ဟု ပြောသည်။ လှည်းတန်း၌ အင်္ဂလိပ်စာဘာသာသင်တန်းတက်နေသူတစ်ဦးကလည်း "ဒီနေရာကို တရုတ်တန်းမှာလို သံဆန်ခါတွေနဲ့ ကာလိုက်ရင်တော့ ခရီးသည်တွေလည်း တက်ဆင်းလို့မရတော့သလို ယာဉ်လိုင်းတွေလည်း ကားကိုရပ်ပြီး ခရီးသည်တွေ တင်ချလုပ်လို့ရမှာမဟုတ်တော့ဘူး"ဟု ပြောသည်။

ခရီးသွားပြည်သူအချို့နှင့် ခရီးသည်တင်ယာဉ်အချို့၏ စည်းကမ်းမဲ့စွာ ပြုမူနေမှုများကြောင့် ယာဉ်အန္တရာယ်များဖြစ်ပေါ်နိုင်ခြင်း၊ ယာဉ်ပိတ်ဆို့မှုကြောင့် အချိန်ကုန် လူပင်ပန်းကာ လိုရာခရီးသို့ အချိန်မီ မရောက်နိုင်ခြင်းများ ဖြစ်ရသဖြင့် လူတိုင်းစည်းကမ်းရှိစွာ ပြုမူနေထိုင်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်း ကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် မေ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်း အမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းခန်းမ e-Learning Centre ၌ သင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရုံးလုပ်ငန်း အထောက်အကူပြု ကွန်ပျူတာသင်တန်းသည် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာ Application နှင့် Networking အခြေခံသင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၁၁ ခုနှစ်၊ မေလ (၈) ရက်

World Red Cross Day

8th May, 2011

"VOLUNTEERISM"

"စေတနာရှင်စိတ်ထား သင့်ရင်ထဲမှာပွား"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၇

ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် စွမ်းအင်ရရှိရေး၊ စွမ်းအင်ချွေတာနိုင်ရေးအတွက် ဇီဝလောင်စာသုံး မီးစက်များ အသုံးပြုနိုင်ရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်စေရေး၊ လယ်ယာထွက်ကုန်နှင့် ကောက်ပဲသီးနှံများ ပိုမိုအထွက်တိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအတွက် ကူညီဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်/ စက်မှုအသင်းချုပ်ရုံး၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်အား JISSEN KANKYO KENKYUSHO Co., Ltd. Vice President Mr. Shin IMAI လာရောက်တွေ့ဆုံစဉ် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်၍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းသည် နောင်အနာဂတ်တွင် ဒေသတွင်း စီးပွားကုန်သွယ်မှုလုပ်ငန်းများအတွက် အလွန်အရေးပါလာမည်ဖြစ်၍ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးတို့နှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ ITO-CHU Corporation မှ CEO, Special Advisor to President, Japan- Myanmar Chamber of Commerce & Industry Business Cooperation Committee Chairman Mr. Sumitaka FUJITA ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်အား JISSEN KANKYO KENKYUSHO Co.,Ltd. Vice President, Mr. Shin IMAI လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

ရပ်ကွက်အတွင်းမှ ကားဘော်ဒီရုံဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် အုတ်ပုံဆိပ်လမ်းရှိ ကားဘော်ဒီရုံသည် လမ်းပေါ်တွင်ကားဘော်ဒီလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ဆူညံသံ၊ ဆေးမှုန့်အနံ့ဆိုးများနံစော်မှုကြောင့် ကလေးသူငယ်များနှင့် သက်ကြီးသူများ ကျန်းမာရေးထိခိုက်စေပါသည်။ ညဘက် လျှပ်စစ်မီးဖြင့် ကျောက်စက်တိုက်ခြင်း၊ ဝရိန်ဆော်ခြင်း တို့ကြောင့် ဝါယာရှော့ဖြစ်ခြင်းနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဝက်မွေးမြူ အနံ့ဆိုးနံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၉) ရပ်ကွက် ခရေပင်လမ်းနှင့် ပိတောက်ရွှေဝါ (၁)လမ်းတွင် အိမ်နောက်ဖေး ရေသွားမြောင်းကိုပိတ်၍ ဝက်များစီးပွားဖြစ် မွေးမြူထားရာ ရေများစီးဆင်းခြင်းမရှိဘဲ အိမ်များအောက်၌ ရေဝပ်နေပါသဖြင့် ခြင်များပေါက်ဖွားခြင်း၊ ဝက်ချေးနံ့နံခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ကျန်းမာသန့်ရှင်းလိုသူ

မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်စေလို

စာတည်းရှင့်-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သီရိဇေယျာလမ်းထိပ် သစ္စာလမ်းမကြီးသို့အထွက်တွင် ကျူးကျော်တဲဆောက်လုပ်နေထိုင်လျက်ရှိရာ မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်သည့်အပြင် မစင်အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ခြင်း၊ အော်ဟစ်ဆူညံနေခြင်း၊ ထင်းမီးများ မဆင်မခြင်အသုံးပြုနေခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆိုင်ကယ်စီး၍ ပိုက်ဆံအိတ်လုယူထွက်ပြေးသူ နှစ်ဦးအား ညတွင်းချင်းဖမ်းဆီးရမိ

ပခုက္ကူ မေ ၇

ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ၏ လက်ထဲတွင်ကိုင်ထားသော ပိုက်ဆံအိတ်ကို ဆိုင်ကယ်စီးလာသူ နှစ်ဦးက လုယူထွက်ပြေးရာ တာဝန်သိပြည်သူများ၏ အကူအညီဖြင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲကင်းတို့က လိုက်လံဖမ်းဆီးခဲ့ခြင်းကြောင့် ပြစ်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ ညတွင်းချင်းဖမ်းဆီးရမိခဲ့သော ဖြစ်ရပ်တစ်ခု ပခုက္ကူမြို့နယ်ရဲစခန်းအပိုင်တွင် မေ ၂ ရက် ည ၈ နာရီက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် သီရိမေ္ဘာလမ်းနေ မသီတာသည် သူငယ်ချင်းများနှင့် ခေါက်ဆွဲစားပြီး သူငယ်ချင်းမချိုထွေးမောင်းနှင်သော ဆူပါကပ်အစိမ်းရောင်ဆိုင်ကယ်၏ နောက်မှထိုင်လိုက်လာရာ ထင်းတန်းလမ်းနှင့် သီရိမေ္ဘာလမ်းထောင့်အရောက် ဆိုင်ကယ်ကို ချိုးကွေ့ရန်ပြင်နေစဉ် နောက်မှ ဆိုင်ကယ်နှင့်လိုက်လာသော လူငယ်နှစ်ဦးက ၎င်းတို့ဆိုင်ကယ်၏ ဘယ်ဘက်ခြမ်းမှ ကျော်တက်၍ နောက်မှထိုင်လိုက်လာသူက မသီတာ၏ ညာဘက်လက်တွင် ကိုင်ထားသော ပိုက်ဆံအိတ်ကို လှမ်းဆွဲလုယူထွက်ပြေးသည်။ ၎င်းတို့က အော်ဟစ်အကူအညီတောင်းသဖြင့် အနီးရှိ ပြည်သူများ၏ အကူအညီဖြင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲကင်းအဖွဲ့ဝင်များက ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးရာ ပြစ်မှုကျူးလွန်သူမြင့်ကျော် (၂၅)နှစ် (ယာဉ်နောက်လိုက်) စက်မှုဇုန်(၄)လမ်း ပခုက္ကူမြို့အား ဖမ်းဆီးရမိပြီး စစ်ဆေးရာ ၎င်းနှင့် အတူ ပါဝင်သည့် မြင့်ဦး (၂၆)နှစ်(ထော်လာဂျီယာဉ်မောင်း) စက်မှုဇုန်(၂)လမ်း ပခုက္ကူမြို့နေသူကို သက်သေခံပစ္စည်းများဖြစ်သော ပိုက်ဆံအိတ်အတွင်းပါရှိသည့် Nokia အမျိုးအစား GSM လက်ကိုင်ဖုန်းတစ်လုံး တန်ဖိုး ၁၅ သိန်းကျပ်၊ မြန်မာငွေစက္ကူ ကျပ် ၅၀၀၀ တန် အရွက် ၂၀ တန်ဖိုးကျပ် ၁၀၀၀၀၀၊ ကျပ် ၁၀၀၀ တန် အရွက် ၃၀ တန်ဖိုးကျပ် ၃၀၀၀၀၊ စုစုပေါင်း တန်ဖိုး ၁၆၃၀၀၀၀ ခန့်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် ပခုက္ကူရဲစခန်းမှ (ပ)၁၇၂/၂၀၁၁ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်၍ အမှုစစ် ဒုတိယရဲအုပ် ညီညီထွန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၅၇၁)

မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် မေ ၇

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စံပြဈေးမှတ်တိုင်အနီး၌ မေ ၃ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်း ဝင်းမောင်ကြည် မောင်းနှင်လာသော အမှတ်(၇၉) ယာဉ်လိုင်းမှ (သန်မြန်သူ)ယာဉ်သည် စံပြဈေးမှတ်တိုင် အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မြောက်မှတောင်သို့ လမ်းကူးသူ မသန်းသန်းဝင်း၊ မယုယုမော်၊ မောင်သက်ထူးအောင်နှင့် မျက်နှာချင်းဆိုင်မှ ကိုဝင်းလွင်သိန်း မောင်းနှင်လာသော ၇က/---- ဗင်အဖြူရောင် ယာဉ်တို့အား တိုက်မိသဖြင့် ယာဉ်နှစ်စီးစလုံး ပျက်စီးပြီး လူများဒဏ်ရာရရှိကာ လူနာများအား သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်ဆေးဝါးကုသခဲ့ရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် သက်ဆိုင်ရာ ရဲစခန်းမှ သဃ်န်းကျွန်းမြို့နယ်နေ ယာဉ်မောင်း ဝင်းမောင်ကြည် (၄၃)နှစ် (ဘ) ဦးဖြူအား အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၁၀၀	၀. ၀၃၃၁၀၁၆
တရုတ် (ယွမ်)	၆. ၄၉၃၅၀	၀. ၁၅၄၀၀၀
အိန္ဒိယ (ရူပီး)	၄၄. ၇၂၀၀	၀. ၂၂၃၆၁၄
မလေးရှား (ရင်းဂစ်)	၃. ၀၀၁၀၀	၀. ၃၃၃၂၂၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၉၈၀	၀. ၈၀၆၅၈၂
ဂျပန် (ယန်း)	၈၀. ၅၉၀၀	၀. ၀၁၂၄၀၈၅
တောင်ကိုရီးယား(ဝမ်)	၁၀၈၅. ၂၀	၀. ၀၀၀၉၂၁၄၈၉
ယူရို	၀. ၆၉၈၄၉၅	၁. ၄၃၁၆၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၉၅၀	၁. ၆၃၆၈၀

အင်တာနက်။

KNU အကြွင်းအကျန်များ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝင်းခနိမ်ကျေးရွာနေ ဦးမွတ်တား အသက်(၃၃)နှစ်သည် ငါးရှာသွားရောက်စဉ် မေ ၅ ရက် ညနေ ၃ နာရီခန့်တွင် ရွာ၏အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ဥပုတ်ချောင်းအနီး၌ KNU အကြွင်းအကျန်များ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဘယ်ဒူးအောက်မှ ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❀ ရွှေဖုံးမှ

ကျန်းမာရေးဌာနခွဲ ၆၇၂ ခု၊ ဒေသန္တရ ကျန်းမာရေးဌာနခွဲ ကိုးခု၊ တိုင်းရင်းဆေးကုဌာန ၂၃ခု တို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနတို့အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးနေသည့် အစီအစဉ်များတွင် ပြည်သူလူထုကလည်း ဝိုင်းဝန်းပါဝင်ကူညီလှူဒါန်းမှုများလည်း ရှိနေကြသည်။ ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ကျေးလက်နေ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ပြည်သူလူထုက အားတက်သရော ပါဝင်လှူဒါန်းကူညီလျက်ရှိသည်။ ယခုထပ်မံ၍ လှူဒါန်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ မေ ၅ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဥပစာရှေ့ရှိမင်္ဂလာမဏ္ဍပ်၌ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်နှင့် "နံ့သာဦး" စာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် အလှူရှင် ဦးတိုင်းဝင်းက ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ အလှူရှင် ဒေါ်ဝင်းလှိုင်က "နံ့သာဦး" စာကြည့်တိုက် အဆောက်အအုံသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ အလှူရှင် ဦးတိုင်းဝင်း၊ ဒေါ်ဆန်းဆန်းတို့က ဆင်းရဲနွမ်းပါး လူနာများ အခမဲ့ဆေးကုသနိုင်ရေးအတွက် ကျေးရွာဆေးပဒေသာပင် မတည်ငွေ ကျပ်သိန်း ၇၀ ကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်တို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင်နှင့် မြို့နယ်ဆရာဝန်ကြီးတို့က ရေနံ့သာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် "နံ့သာဦး" စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် အလှူရှင်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် စာကြည့်တိုက်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ စာပေဖတ်ရှု လေ့လာနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အလှူရှင် ဦးကုဋ္ဌေးစိုးမိသားစုက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် ဗီြုဟ်တုစလောင်းတို့ကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသောအခမ်းအနားတွင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်မှာ အလျားပေ ၅၀၊ အနံ ၃၃ ပေ၊ အုတ်ခုံခင်း၊ နံကပ် တစ်ထပ်တိုက် အမျိုးအစားဖြစ်ပြီး အလှူရှင်နှင့် အများပြည်သူ စုပေါင်း၍ ငွေကျပ်သိန်း ၅၀၀ ကုန်ကျကာ "နံ့သာဦး" စာကြည့်တိုက်မှာ အလျားပေ၃၀၊ အနံ ပေ၂၀၊ အုတ်ခင်း၊ နံကပ် တစ်ထပ်တိုက် အမျိုးအစားဖြစ်ပြီး နိုင်ငံတော် မတည်ငွေနှင့် အလှူရှင် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၄၇ သိန်းကျော် အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁) တတိယနေ့ ဆက်လက်ပြသ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း (ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုအဆင့်အတန်း မြင့်မားလာနေမှုကိုသိရှိစေရန်၊ အဆင့်မြင့်မားလာနေသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို ပြည်သူလူထုနှင့် မိတ်ဆက်ရန်နှင့် တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းများ နိုင်ငံတကာအဆင့်မီရေး ကြိုးပမ်းချက်များကို တစုတစည်းတည်း ကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)ကို ယနေ့ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် ဇနီးနှင့် အဖွဲ့ဝင်

စိန်ဘယက်ဆေးတိုက်အရောင်းပြခန်းတွင် လာရောက်အားပေးဝယ်ယူသူ ပရိသတ်များကို တွေ့ရစဉ်။

အဝေရာတိုင်းရင်းဆေး အရောင်းပြခန်းတွင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။

များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ လာရောက် ကြည့်ရှုလေ့လာကြပြီး ရောင်းချလျက်ရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူအားပေးကြသည်။

ရောဂါအမျိုးမျိုးအတွက် တိုင်းရင်းဆေးဝါးမျိုးစုံမှ တိုင်းရင်းဆေးဆရာ ဦးကြည်လင်း(စိန်ဘယက်ဆေးတိုက်)၏ လေကွဲဆေး၊ ငန်းနီကျော်၊ တစ်သုံးလုံး အဖြေကျော်၊ ဆောင်းနွေမိုး ချွဲသလိပ်ကြေ မက်လင်ချဉ်လျက်ဆား၊ ဆင်ဖြူတော် အကြောပြေဒဏ်ကြေလိမ်းဆေး၊ ရွှေပျားကောင် နှလုံးသည်းခြေဆေး၊ ဂမုန်းရှင် လေငန်းလိမ်းဆေးရည်၊ အကြောပြေသောက်ဆေးနှင့် လိမ်းဆေးဆီ၊ သွေးညှိဆေးနှင့် ရွှေလေးညှင်း ချောင်းဆိုးရင်ကျပ်ပျောက်ဆေးတို့ကို ခေတ်မီနည်းစနစ်များ၊ အဆင့်မြင့်နည်းပညာများကို အသုံးပြုကာ စံချိန်စံညွှန်းမီ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)တွင် ပြခန်းပေါင်း ၁၂၀ ပြသလျက်ရှိပြီး တိုင်းရင်းဆေးပြခန်းပေါင်း ၁၁၀ ပါရှိကာ ပြပွဲကို မေ ၉ ရက်အထိ ဆက်လက်ပြသသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

◆ကျောဖုံးမှ

ကမ္ဘာ့ပထမဆုံးသော အာကာသခရီးသွားလုပ်ငန်းအေဂျင်စီဖြစ်သည့် Space Adventures ကုမ္ပဏီသည် လကို အနီးကပ် ကြည့်ရှုလေ့လာလိုသူများထံမှ အခကြေးငွေရယူကာ ဝန်ဆောင်ပေးမည်ဖြစ်သည်။

လကို လှည့်ပတ်ကြည့်ရှုနိုင်မည့် အာကာသခရီးစဉ်နှင့်အတူ လိုက်ပါလိုသူများသည် ယင်းကုမ္ပဏီထံ ကြိုတင် စာရင်းသွင်းနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

လကမ္ဘာခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင် ဒေါ်လာ သန်း ၁၅၀ ခန့် ကျခံသုံးစွဲရမည်ဖြစ်သည်။

အာကာသအပန်းဖြေခရီးစဉ်နှင့်အတူ လိုက်ပါလိုသူများသည် အာကာသအတွင်းသို့ ခရီးမနှင်မီ အာကာသယာဉ်နှင့်လည်းကောင်း၊ အာကာသဆိုင်ရာ သဘာဝအခြေအနေများနှင့်လည်းကောင်း ရင်းနှီးကျွမ်းဝင်မှုရရှိစေရန် နှစ်လကြာ လေ့ကျင့်သင်တန်းတက်ရောက်ရမည်ဆို၏။

Space Adventures ကုမ္ပဏီသည် အာကာသခရီးသွားလုပ်ငန်းကို တိုးချဲ့နိုင်ရန် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ထားသည်။

လကမ္ဘာခရီးစဉ်သည် အာကာသ စူးစမ်းလေ့လာရေးသမိုင်းကြောင်း၌ မှတ်တိုင်စိုက်ထူနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

ရုရှားအာကာသအေဂျင်စီသည် ၂၀၀၁ ခုနှစ်နောက်ပိုင်း အာကာသခရီးသည် ခုနစ်ဦးကို ဆိုယုဇ်အာကာသယာဉ်ဖြင့် အာကာသအတွင်းသို့ အလည်အပတ် ပို့ဆောင်ပေးခဲ့သည်။ ***အင်တာနက်။***

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဧပြီ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်၌ ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ(၂၀၁၁) အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ပြည်၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ကြို့ပင်ကောက်၊ နတ်တလင်းနှင့် ဇီးကုန်းမြို့နယ်များအတွင်း မေ ၁၄ ရက်တွင် ပထမအကြိမ်နှင့် ဇွန် ၁၁ရက်တွင် ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး နှစ်ကြိမ် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)တွင် ဆန္ဒမွန်၊ ဒေဝယက္ခနှင့် မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ပါဝင်ပြသ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း (ရန်ကုန်တိုင်းဒေသကြီး) အသင်းခွဲက ကြီးမှူး၍ မေ ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)တွင် ဆန္ဒမွန်၊ ဒေဝယက္ခနှင့် မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများမှ ပါဝင်ပြသလျက်ရှိကြောင်း သိရှိရသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁) တတိယနေ့တွင် ဆန္ဒမွန် တိုင်းရင်းဆေးအရောင်းဆိုင်၌ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိစဉ်။

ဆန္ဒမွန်ဆေးတိုက်တွင် တမာယားနာပျောက်ဆေး၊ ဆန္ဒမွန်အကြောပြေ မျက်စိအားတိုးဆေး၊ ချောင်းဆိုးပျောက်ချွဲပျော်လျက်ဆား၊ အစာကြေလေသက်ဆေး၊ ရှားစောင်းလက်ပပ်ဆေးပြားတို့ကို အဓိကထား ထုတ်လုပ်ရောင်းချလျက်ရှိပြီး တမာယားနာပျောက်ဆေးမှာ သဲဝဲ၊ ရေဝဲ၊ ပွေး၊ ညှင်း၊ ဂျွတ်၊ ဒက်များပျောက်ကင်းကာ ယခု မိုးကာလနှင့် ပိုမိုသင့်လျော်သောဆေး ဖြစ်သည်။ အကြောပြေ မျက်စိအားတိုးဆေးသည် အညောင်းထိုင်သမားများအတွက် အညောင်းအညာပြေပြီး ဇက်ကြောတက်လည်းပျောက်၊ မျက်ရိုးကိုက်လည်း သက်သာသော ဆေးကောင်းတစ်လက်ဖြစ်သည်။ ရှားစောင်းလက်ပပ်ဆေးမှာ အမျိုးသားများအတွက် ဆီးမှန်စေပြီး အမျိုးသမီးများအတွက် မီးယပ်မှန်စေသော သဘာဝဆေးကောင်းတစ်လက်ဖြစ်ကာ ဆီးမှန်၊ ဝမ်းမှန်၊ သွေးသားမှန်၍ အသားအရေကို စိုပြည်လှပစေကြောင်းနှင့် ဆန္ဒမွန်တိုင်းရင်းဆေးများကို ခေတ်မီနည်းစနစ်များဖြင့် စံချိန်စံညွှန်းမီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ဒေဝယက္ခ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ တိုင်းရင်းဆေးဆရာ ဦးဖြေက ပြပွဲတွင် ပြခန်းများ၏ ထည့်ဝါမှုက မြန်မာ့တိုင်းရင်းဆေး၏ မြင့်မားမှုကို ပြဆိုနေကြောင်း၊ ပြပွဲမျက်နှာစာ၏ ခံ့ညားထည်ဝါမှုကလည်း လာရောက်သူပြည်သူများအား ဖမ်းစားသကဲ့သို့ရှိကြောင်းဖြင့် ပြပွဲ၏ဂုဏ်ပုဒ်ကို ပြောပြသကဲ့သို့ အဖုအကျိတ်ကို ပေါင်ဒါဘူးထဲထည့်၍ရအောင် မှုန့်သွားမယ်ဆိုသည့် ဒေဝယက္ခ၏ ကြော်ငြာဆိုင်းဘုတ်ကလည်း စိတ်ဝင်စားစရာတစ်ခု ဖြစ်သည်။ ဒေဝယက္ခအကျိတ်ကြေ အဏုမြူမန်းဆေးသည် မိုးဥတုဖြစ်ခြင်း၊ ဒူးရင်းသီး၊ သရက်သီး၊ ပိန္နဲသီးစသော ရာသီသီးနှံများပေါ်ချိန်တွင် မဆင်မခြင်စားသုံးကြသည့်အတွက် အပူကန်ခြင်း၊ ဝမ်းလျှောခြင်း၊

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁) တတိယနေ့တွင် ဒေဝယက္ခတိုင်းရင်းဆေးအရောင်းဆိုင် ပါဝင်ပြသလျက်ရှိစဉ်။

အဖုအကျိတ်များထွက်ခြင်းတို့ကို ပျောက်ကင်းစေသည့်အတွက် ပြည်သူများ လာရောက်ဝယ်ယူလျက်ရှိကြကာ ပဲခူးမြို့သနပ်ပင်လမ်း အုန်းပင်တန်းရပ်အမှတ် (၃၇၃) ဖုန်း-၀၉-၅၃၀၀၁၄၁၊ ၈၆၅၀၈၆၇ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁) တတိယနေ့တွင် မုံရွာဆရာမိုး တိုင်းရင်းဆေးအရောင်းဆိုင်၌ ဝယ်ယူသူများအား တွေ့ရစဉ်။

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ရှောက်တစ်လုံးဝမ်းမှန်ဆေး၊ ချောင်းဆိုးရင်ကျပ်၊ သလိပ်ကပ်နှင့် လည်ချောင်းနာခြင်းအတွက် ချွဲပျော်ဆေး၊ အစာမကြေ ရင်ပြည့်ရင်ကယ်၊ လေထိုး၊ လေအောင့်၊ လေချုပ်ခြင်းအတွက် အစာကြေသွေးဆေးလျက်ဆား၊ နှလုံးတုန်ရင်ခုန်ခြင်း၊ မောပန်းခြင်းနှင့် သွေးမသန့်ခြင်းတို့အတွက် နှလုံးသည်းခြေဆေးနှင့် စားဝင်အိပ်ပျော်ပြီး နှလုံးအားနည်းခြင်း၊ အသက်ရှူကျပ်ခြင်း၊ မူးဝေမောပန်းခြင်းများအတွက် အမောလုံနှလုံးအားဆေးတို့ကို ထုတ်လုပ်ရောင်းချလျက်ရှိပြီး ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပြီး ကျန်းမာပေါ့ပါးသွက်လက်စေသော ရှောက်တစ်လုံးဝမ်းမှန်ဆေးကို ပြည်သူများစွဲမြဲစွာ သုံးစွဲလျက်ရှိကြောင်းနှင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ် ၈၂/၃၅၆ ဖုန်း-၆၉၁၅၉၁၊ ၀၉-၅၁၈၈၆၃၂၊၀၁-၉၆၉၀၅၈၇ နှင့် ၀၉-၅၄၁၆၄၇၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတွေ့ဆုံပွဲ ကျင်းပ

နေပြည်တော် မေ ၇

ကျောက်မျက်ရတနာထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာ့ကျောက်မျက်ရတနာများ စံချိန်တင်ရောင်းချနိုင်ခဲ့ပြီး ကျောက်မျက်ရတနာဈေးကွက်ကြီး ဖြစ်ထွန်းလာကြောင်း သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။**(အပေါ်ပုံ)**

ဆက်လက်၍ ကျောက်မျက်ရတနာများ အလုံးထည်လိုက်ရောင်းချခြင်းသာမက အဆင့်မြင့် လက်ဝတ်ရတနာများ၊ တန်ဖိုးမြင့်အချောထည်များကိုပါ ထုတ်လုပ်ရောင်းချနိုင်ပါက ယခုထက်ပိုမို အကျိုးအမြတ်ရမည်ဖြစ်၍ ရည်မှန်းချက်ထားရှိဆောင်ရွက်သွားရန်၊ ကျောက်မျက်ရတနာများတူးဖော်မှုကြောင့် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းတာဝန်များနှင့်ဖွဲ့စည်းထားရှိမှုတို့ကို တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

အေဝမ်းစိုး

အနုပညာလှုပ်ရှားမှုများ ပိုမိုများပြားလာသည့် ကိုရီးယားမင်းသမီး ပက်ခ်ရှင်ဟိုင်

ကိုရီးယားမင်းသမီးပက်ခ်ရှင်ဟိုင်သည် မေလနှင့် ဇွန်လများတွင် ပြည်ပ အနုပညာလှုပ်ရှားမှုများဖြင့် အလုပ်များမည်ဖြစ်ကြောင်း တနင်္လာနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

သတင်းထုတ်ပြန်ကြေညာချက်အရ ပက်ခ်ရှင်ဟိုင်သည် ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ဇွန် ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် Annecy ကာတွန်းရုပ်ရှင်ပွဲတော်တွင် သူမ၏ Green Days ကာတွန်းကား ပါဝင်ပြသရန် ဖိတ်ကြားခြင်းခံရသည့်အတွက် ပြင်သစ်နိုင်ငံသို့ သွားရောက်ရမည်ဖြစ်သည်။ ယင်းကာတွန်းကားသည် ပက်ခ်ရှင်ဟိုင်အတွက် သူမ၏အသံဖြင့် ပထမဆုံး နောက်ခံစကားပြောသူအဖြစ် ဆောင်ရွက်ပေးခဲ့သော ဇာတ်ကားဖြစ်သည်။

ပက်ခ်ရှင်ဟိုင်သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ မေ ၇ ရက်တွင်ကျင်းပသည့် Tokyo Girls Collection (TGC)ဖက်ရှင်ပြပွဲကိုလည်း တက်ရောက်ခဲ့သည်ဟုသိရသည်။ ထို့ပြင် ပက်ခ်ရှင်ဟိုင်သည် ဂျပန်ကာတွန်းရုပ်သံဇာတ်လမ်းတွဲတစ်ခုကို အခြေခံရိုက်ကူးထားသည့် Hauate the Combat Butter တရုတ်(တိုင်ပေ) ဒရမ်မာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ဇွန် ၁၆ ရက်မှစ၍ တရုတ်(တိုင်ပေ)၊ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ စင်ကာပူ၊ ဂျပန်တို့တွင် ကျင်းပမည့်အကြိုပြပွဲများကိုလည်း တက်ရောက်ရမည်ဖြစ်သည်။

ပက်ခ်ရှင်ဟိုင်ကို အာရှပရိသတ်များအကြား လူကြိုက်များသွားသည့် ဇာတ်ကားများမှာ ၂၀၀၃ ခုနှစ်က Stairway to Heaven ရုပ်သံဇာတ်လမ်းတွဲနှင့် ၂၀၀၉ ခုနှစ် He's Beautiful ရုပ်သံဇာတ်လမ်းတွဲများပင် ဖြစ်သည်။

ပက်ခ်ရှင်ဟိုင် နောက်ဆုံးရိုက်ကူးထားသော You Have Fallen For Me (ဘာသာပြန်အမည်)စိတ်ကူးယဉ်ချစ်ဇာတ်လမ်းကို အမ်ဘီစီရုပ်သံလိုင်းက ဇွန် ၂၉ ရက်တွင် ထုတ်လွှင့်ရန်စီစဉ်ထားသည်။ ယင်းဇာတ်ကားတွင် သူမက ကိုရီးယားရိုးရာဂီတအနုပညာကို လေ့လာနေသူအဖြစ် သရုပ်ဆောင်ထားသည်။ ***အင်တာနက်။***

ကင်မရွန်းဒိုင်ရက်ဇ်

Expecting ဇာတ်ကားတွင် ကင်မရွန်းဒိုင်ရက်ဇ် ပါဝင်သရုပ်ဆောင်မည်

ဟောလိဝုဒ်၏ ထိပ်တန်းစာရင်းဝင်မင်းသမီး ကင်မရွန်းဒိုင်ရက်ဇ်သည် အရောင်းရဆုံးစာရင်းဝင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် လမ်းညွှန်ချက်စာအုပ်ကို အခြေခံရိုက်ကူးမည့် What to Expect When You're Expecting အမည်ရှိ အချစ်ဟာသဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် ဇနီးမောင်နှံငါးစုံ၏ ကလေးမီးမဖွားမီ မျှော်လင့်ချက်အိပ်မက်များကို အချစ်နှင့်ဟာသ အချိုးညီညီပေါင်းစပ်ထားသည့် အသောဇာတ်အဖြစ် ဒါရိုက်တာက ဖန်တီးမည်ဖြစ်ပြီး ကင်မရွန်းဒိုင်ရက်ဇ်က အသက်(၄၂)နှစ်အရွယ် အမျိုးသမီးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အသက်(၃၈) နှစ်အရွယ်ရှိပြီဖြစ်သည့် ကင်မရွန်းဒိုင်ရက်ဇ်၏ နောက်ဆုံးရိုက်ကူးခဲ့သော ဇာတ်ကားများမှာ The Green Hornet ဇာတ်ကားနှင့် Bad Teacher ဇာတ်ကားတွင် သူမ၏ချစ်သူဟောင်း ဂျက်စတင် တင်ဘာလိတ်ခ်နှင့် တွဲဖက်သရုပ်ဆောင်ထားသော ဇာတ်ကားများဖြစ်သည်။ ***အင်တာနက်။***

နေပြည်တော်မှ ဒေသအသီးသီးသို့ သွားလိုသလား . . .

စုစည်းဖော်ပြသူ
ထွန်းဦးထွန်း

နေပြည်တော် မေ ၇

နေပြည်တော်နှင့် ဒေသအသီးသီးသို့ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ခရီးသည်တင် မှန်လုံယာဉ်များ နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ ပြေးဆွဲနေသော ယာဉ်လိုင်း ၃၀ လိုင်းတို့၏ ထွက်ခွာချိန်နှင့် ဈေးနှုန်းတို့ကို စုစည်းဖော်ပြလိုက်ပါသည်-

(ယမန်နေ့မှအဆက်)

စဉ်	ယာဉ်လိုင်းအမည်	ခရီးစဉ်	နေပြည်တော်မှ ထွက်ချိန်	အခြားဒေသမှ နေပြည်တော်သို့ ထွက်ချိန်	ယာဉ်စီးခ		နေပြည်တော် ဖုန်း
					ရိုးရိုး	အထူး	
၁၃	တော်ဝင်	တောင်ငူ	ဝ၆:ဝဝမှ၁၅:၃ဝ ထိနေ့စဉ် ၈ စီးထွက်သည်	နေပြည်တော်မှ ထွက်သည့်ယာဉ် စီးရေအတိုင်း	၂ဝဝဝ	-	ဝ၆၇-၂၆၂၃၂
၁၄	တောင်သာမန်း	တောင်သာ	ဝ၆:ဝဝ	ဝ၆:ဝဝ	၂၅ဝဝ	-	ဝ၆၇-၂၆၂၄၇
၁၅	ဒို့ညီနောင်	တောင်ကြီး	၁၉:ဝဝ	၁၇:၃ဝ	-	၆ဝဝဝ	ဝ၆၇-၂၆၁၃၇
၁၆	ပေါင်းလောင်း	မိတ္ထီလာ	ဝ၅:ဝဝ၊ဝ၇:၄၅ ဝ၅:၃ဝ၊ဝ၈:၄၅ ဝ၆:၄၅	၁ဝ:ဝဝ၊၁၃:ဝဝ ၁ဝ:၃ဝ၊၁၄:ဝဝ ၁၁:ဝဝ	၂ဝဝဝ	-	ဝ၆၇-၂၆၁၂၄
၁၇	ပေါင်းလောင်း	တောင်ငူ	ဝ၆:ဝဝ၊ဝ၉:၃ဝ ဝ၈:၃ဝ	၁ဝ:ဝဝ၊၁၄:ဝဝ ၁၂:၃ဝ	၂ဝဝဝ	-	॥
၁၈	ပြည်တော်ဝင်	မုံရွာ	၁၉:ဝဝ(ရိုးရိုး)	၁၈:ဝဝ(ရိုးရိုး)	၆ဝဝဝ	-	ဝ၆၇-၂၆၂၈၅
၁၉	ပြည်တော်ဝင်	မကွေး	ဝ၅:၃ဝ ၁၉:ဝဝ	ဝ၅:၃ဝ ၁၈:ဝဝ	၄၄ဝဝ	-	॥
၂ဝ	ပြည်တော်အေး	မြင်းခြံ	ဝ၆:ဝဝ	ဝ၆:ဝဝ	၂၉ဝဝ	-	ဝ၆၇-၂၆၁၄၇
၂၁	ပအိုဝ်းထိပ်တန်း	တောင်ကြီး	ဝ၆:ဝဝ ၁၈:၃ဝ	ဝ၅:၃ဝ ၁၇:၃ဝ	၅ဝဝဝ	-	ဝ၆၇-၂၆၂၈၅
၂၂	ပအိုဝ်းရတနာ	တောင်ကြီး	၁၉:ဝဝ	၁၇:၃ဝ	၅ဝဝဝ	-	ဝ၉-၄၉၂၆၁၄၄၉
၂၃	ပအိုဝ်းရတနာ	မကွေး	၁၈:ဝဝ	၁၈:ဝဝ	၄၄ဝဝ	-	॥
၂၄	မန္တလာမင်း	ပြင်ဦးလွင်	၂၁:ဝဝ(အထူး)	၁၈:၃ဝ(အထူး)	-	၅၆ဝဝ	ဝ၆၇-၂၆ဝ၂ဝ
၂၅	မြမြင့်မိုရ်	ချောက်	ဝ၆:ဝဝ	ဝ၆:ဝဝ	၄၄ဝဝ	-	ဝ၆၇-၂၆၂၆၆
၂၆	ဓူဝံ	လားရှိုး	၁၇:၃ဝ(ရိုးရိုး)	၁၇:၃ဝ (ရိုးရိုး)	၈၇ဝဝ	-	ဝ၆၇-၂၆၃၅ဝ
၂၇	ညောင်ဦးမန်း	ညောင်ဦး	ဝ၅:၃ဝ(ရိုးရိုး) ၂ဝ:ဝဝ(အထူး)	ဝ၅:ဝဝ(ရိုးရိုး) ၁၉:ဝဝ(အထူး)	၄၈ဝဝ -	- ၅၅ဝဝ	ဝ၆၇-၂၆၁၄၆
၂၈	ရွှေပြည်စံ	ဖြူး	၁ဝ:၃ဝ ၁၁:၄၅ ၁၃:ဝဝ	ဝ၆:၃ဝ ဝ၇:၄၅ ဝ၉:ဝဝ	၂၅ဝဝ	-	ဝ၆၇-၂၆ဝ၁၄
၂၉	ရွှေပြည်စံ	မိတ္ထီလာ	၁၁:၃ဝ ၁၃:ဝဝ ၁၄:ဝဝ	ဝ၆:၃ဝ ဝ၇:၄၅ ဝ၉:ဝဝ	၂ဝဝဝ	-	॥
၃ဝ	အာရှ	ပြည်	ဝ၆:ဝဝ ၁၉:ဝဝ	ဝ၇:ဝဝ ၂ဝ:ဝဝ	၄၄ဝဝ	-	ဝ၆၇-၂၆၂၆၆

မြန်မာဇာတ်ကားသစ်ရုံမတင် ပြသဆဲဆက်ပြ

ရန်ကုန် မေ ၇

ယခုသောကြာနေ့ မေ ၆ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံတင်ခြင်းမရှိဘဲ ပြသဆဲမြန်မာရုပ်ရှင်ဇာတ်ကားဖြစ်သည့် **အလန်းဇယား** ဟာသဇာတ်ကားသာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများ၌ ဆက်လက်ပြသမည်ဖြစ်သည်။ ဤဇာတ်ကားကို လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး အကြည်တော်၏ ဝတ္ထု၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဩရသတို့က တာဝန်ယူရိုက်ကူးထားသည်။ ခေတ်လူငယ်တို့၏ လူမှုဆက်ဆံရေးကို ဟာသရောစွက် ပညာပေးရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ သူထူးစံ၊ မိုးအောင်ရင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုး၊ မယ်လိုဒီတို့နှင့်အတူ ဟာသ သရုပ်ဆောင်များ ပါဝင်ကြသည်။

ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးသည့် **လာထားအာဘွား** ဇာတ်ကားမှာ မြို့လယ်ဝဇီရာ၊ မြရတနာ ဘုရင့်နောင်နှင့် ဝဇီရာ(၂) ရုံများတွင် ပြသမည်ဖြစ်ပြီး ပြေတီဦး၊ မိုးဟေကိုတို့ပါဝင်သည့် **ဂျူးလိယက်တစ်ရေးနိုး** ဒီဗွီဒီဇာတ်ကားမှာ မြို့လယ်စံပြ၊ ရွှေမန်း သီတာရုံတို့တွင် ပြသမည်ဖြစ်ပါသည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် ပြသမည့် SEASON Of THE WITCH ဇာတ်ကားမှာ ၁၄ ရာစု ခရူးဆိတ်စစ်ပွဲခေတ်တွင် ဘာသာရေး အစွဲအလမ်းများကြောင့် ဖြစ်ပေါ်လာသည့် လူမှုဒုက္ခများကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားခြင်းဖြစ်ပြီး နာမည်ကြီးသရုပ်ဆောင် နီကိုလပ်ကေ့ဂ်က ခရူးဆိတ်စစ်သားကြီးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

နေပြည်တော်ရုံတွင် ပြသမည့် DRIVE ANGRY ဇာတ်ကားမှာလည်း နီကိုလပ်ကေ့ဂ် ပါဝင်သရုပ်ဆောင်ထားပြီး ဤဇာတ်ကားတွင်မူ မြေးဖြစ်သူ၏ အသက်အား ကယ်တင်မည့် ထောင်ထွက်ကြီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

အလန်းဇယားဇာတ်ကားမှ သရုပ်ဆောင်များ။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၇

အဌမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် သိမ်ဖြူမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းနှင့် SMART အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။**(ယာပုံ)**

ယင်းပြိုင်ပွဲများသည် နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများ ရွေးချယ်ရန်အတွက် အဓိကကျသည့်ပြိုင်ပွဲ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(မြန်မာဂေါက်ကလပ်)

(၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်းက ကျင်းပသော ၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း (၉)မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးအောင်ဖေက ပြိုင်ပွဲအတွက် ဆုများနှင့် အလှူငွေများကို ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များကိုယ်စား ဦးညွန့်ဟန် (Director) Han Golf Masters Pte., Ltd. ထံ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)နှင့် အမှုဆောင်အဖွဲ့ဝင်များက အမျိုးသမီး အသက် (၁၀-၁၈)နှစ် အတန်းပြိုင်ပွဲ၊ အသက် (၁၀-၁၂)နှစ် အတန်းပြိုင်ပွဲ၊ အသက်(၁၃-၁၅) နှစ် အတန်းပြိုင်ပွဲနှင့် အသက်(၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် Han Golf Masters Pte., Ltd. က ဆုဖလားများနှင့် ဆုပစ္စည်းများ၊ KM Golf Centre, Standard House Golf, Double Eagle Golf Co., Ltd. တို့က ဂေါက်သီးရိုက်ပစ္စည်းများနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ပြိုင်ပွဲအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် မြန်မာဂေါက်သီးရိုက်အသင်းနှင့် Han Events Management တို့က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၇

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး မေ ၁၅ ရက်အထိ အဆိုပါ အားကစားရုံ၌ နေ့စဉ် မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟို ငါးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

မက်ဒရစ် မေ ၇

ရီးယဲလ်မက်ဒရစ်အသင်း နည်းပြ မော်ရင်ဟိုသည် ဘာစီလိုနာအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ဒိုင်လူကြီးများကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည့်အပြင် ကိုယ်ဟန်အမူအရာနှင့်ပါ စော်ကားခဲ့၍ ယခုအချိန်တွင် ယူအီးအက်ဖ်အေက ၎င်းကို ငါးပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ပြီ ဖြစ်သည်။

မော်ရင်ဟိုသည် အဆိုပါပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီးက ပွဲကစားချိန် ၆၁ မိနစ်အရောက်၌ ရီးယဲလ်မက်ဒရစ် ကစားသမား ပီပီကို အနီကတ်ပြ ထုတ်ပယ်ခြင်းကို မကျေနပ်၍ ပြင်းထန်စွာ တုံ့ပြန်ပြောဆိုခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ် အပြီးတွင်လည်း ဒိုင်အဖွဲ့က ဘာစီလိုနာအသင်း အနိုင်ရအောင်ကူညီပေးခဲ့ကြောင်း ပြောဆိုခဲ့သည့်အပြင် ယူအီးအက်ဖ်အေ ဒုတိယဥက္ကဋ္ဌကိုလည်း တိုက်ရိုက်ဝေဖန်ခဲ့သည်။ ထို့ပြင် ပြိုင်ဘက်ဘာစီလိုနာအသင်း၏ နည်းပြဂွါဒီယိုလာအပေါ်လည်း ပုဂ္ဂိုလ်ရေး ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ပြစ်ချက်များကြောင့် မော်ရင်ဟိုသည် ဥရောပပြိုင်ပွဲ ငါးပွဲကို ပွဲကြီးကြပ်ခွင့်ရတော့မည် မဟုတ်ပေ။ ထို့ကြောင့် မော်ရင်ဟိုသည် ယခုနှစ် ဥရောပပြိုင်ပွဲနှစ်ပွဲအပြင် လာမည့်နှစ်တွင် ကျင်းပမည့် ဥရောပပြိုင်ပွဲ၌ သုံးပွဲ ထပ်မံလွဲချော်ရတော့မည် ဖြစ်သည်။ မော်ရင်ဟိုကို ယူအီးအက်ဖ်အေက ယင်းပွဲပယ်ပြစ်ဒဏ်အပြင် ပေါင် ၄၄၀၀၀ ပေးဆောင်ရန် ဒဏ်ရိုက်ခဲ့သည်။ ယင်းပွဲတွင်ပင် အနီကတ်ထိခဲ့သည့် ဘာစီလိုနာအသင်း၏ အရန်ဂိုးသမား ပင်တိုမှာ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသည်။ ထို့ပြင် ပရိသတ်များ၏ ရမ်းကားမှုကြောင့် ရီးယဲလ်မက်ဒရစ်အသင်းကိုလည်း ပေါင် ၁၈၀၀၀ ဒဏ်ရိုက်လိုက်သည်။ ***အင်တာနက်။***



ငါး ပွဲ ပယ် ပြစ်ဒဏ် ချမှတ်ခံရ၍ စိတ်ပျက်နေသည့် မော်ရင်ဟို။

ဧပြီလအတွက် ဘာကလေပရီမီယာလိဂ် အကောင်းဆုံးဆုများချီးမြှင့် ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီနှင့် ဝက်စ်ဘရွန်းမှ အိုဒင်ဝင်ဂီတို့ရရှိ

လန်ဒန် မေ ၇

ဘာကလေပရီမီယာလိဂ်၏ ဧပြီလအတွက် အကောင်းဆုံးဆုများကို ချီးမြှင့်ခဲ့ရာ အကောင်းဆုံးနည်းပြဆုကို ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီကရရှိပြီး အကောင်းဆုံးကစားသမားဆုကို ဝက်စ်ဘရွန်းကစားသမား အိုဒင်ဝင်ဂီက ရရှိသွားသည်။

ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီသည် ဧပြီလအတွင်း ကစားခဲ့သည့် ခြောက်ပွဲတွင် စတုတ်စီးတီးတစ်သင်းကိုသာ သရေကျပြီး ဝီဂန်၊ ဝက်စ်ဘရွန်း၊ ဘာမင်ဂမ်၊ ဝက်စ်ဟမ်းနှင့် စပါးတို့ကို အနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် အန်ဆန်လော့တီအတွက် ယခုချီးမြှင့်သည့် အကောင်းဆုံးနည်းပြဆုမှာ ထိုက်ထိုက်တန်တန် ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အန်ဆန်လော့တီသည် ဤဆုကို ယခုနှစ် ဘောလုံးရာသီတွင် သုံးကြိမ်မြောက် ရရှိခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်က တစ်ကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက် ရရှိခြင်းလည်းဖြစ်သည်။ ဘာကလေ အကောင်းဆုံးကစားသမားဆုကို ဝက်စ်ဘရွန်းကစားသမား အိုဒင်ဝင်ဂီက ရရှိခြင်းဖြစ်ပြီး ၎င်းသည်အသင်းအတွက် ကိုယ်တိုင်ဂိုးသွင်းရုံသာမက အသင်းဖော်များ ဂိုးသွင်းနိုင်အောင်လည်း များစွာကူညီပံ့ပိုးပေးနိုင်ခဲ့သူဖြစ်သည်။ အိုဒင်ဝင်ဂီသည် ဤဆုကို ဒုတိယအကြိမ်မြောက် ရရှိခြင်းဖြစ်သည်။ ***အင်တာနက်။***

အကောင်းဆုံး နည်းပြဆု

ဧပြီလအတွက် အ ကောင်း ဆုံး နည်းပြဆုရ ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီ။

အောင်မြင်မှုအတွက် ငွေကြေးထပ်မံသုံးစွဲရန် လိုအပ်ကြောင်း မန်စီနီပြောကြား

မန်ချက်စတာ မေ ၇

မန်စီးတီးအသင်းနည်းပြ မန်စီနီက အသင်းအောင်မြင်ရန်အတွက် ငွေကြေးအမြောက်အမြားထပ်မံသုံးစွဲရန် လိုအပ်နေသေးကြောင်း အသင်းပိုင်ရှင် ရှိတ်ခ်မန်ဆာကို တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။

ရှိတ်ခ်မန်ဆာသည် အသင်းအောင်မြင်မှုရရှိရေးအတွက် နည်းပြမန်စီနီကို ပေါင်သန်း ၁၅၀ ထုတ်ပေးကာ ကစားသမားသစ် ဝယ်ယူစေခဲ့ပြီး ဖြစ်သည်။ သို့သော် မန်စီနီဝယ်ယူခဲ့သည့် ကစားသမားများမှာ တန်ဖိုးကြီးမားသော်လည်း အသင်းအတွက် ထိရောက်သည့် ပေးဆပ်မှုမျိုး မပြုလုပ်နိုင်ခဲ့ကြပေ။ မန်စီနီက ထိုအချက်ကို ဖုံးကွယ်နိုင်ရန်အတွက် အသင်းတွင် အရန်အင်အား မတောင့်တင်းဟု ဆိုလာသည်။ လက်ရှိလူအင်အားနှင့် ဖလားသုံးလုံး၏ ချန်ပီယံလမ်းကြောင်းပေါ်ကို ရောက်ရှိရန်မှာ မဖြစ်နိုင်ဟု ဆိုသည်။

မန်စီးတီးနည်းပြ မန်စီနီ။

မန်စီနီက "မန်ယူအသင်းဟာ ချယ်လ်ဆီးနဲ့ ယှဉ်ပြိုင်ကစားမယ့်ပွဲမှာ ရှော်ကေးနဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့က ပွဲထုတ်ခဲ့တဲ့ လူစာရင်းကို ရှစ်ယောက်၊ ကိုးယောက်လောက်အထိ ပြောင်းလဲပြီး ကစားလာလိမ့်မယ်" ဟု မန်ယူအသင်း၏ အရန်အင်အား တောင့်တင်းမှုကို ညွှန်းဆိုပြောကြားလိုက်သည်။

မန်စီနီသည် လတ်တလောအချိန်တွင် မန်စီးတီးအသင်းအား ချန်ပီယံလိဂ်ဝင်ခွင့်ရရေး ကြိုးစားနေသကဲ့သို့ လာမည့် မေ ၁၄ ရက် (စနေနေ့)တွင် စတုတ်စီးတီးကို အနိုင်ယူပြီး အက်ဖ်အေဖလားရယူကာ အသင်း၏ ၃၅ နှစ်ကြာ ဝေးကွာနေသည့် ဖလားလက်မဲ့ဖြစ်မှုကို အဆုံးသတ်ပေးရန် ဆန္ဒပြင်းပြလျက် ရှိနေသည်။ ***အင်တာနက်။***

အင်တာမီလန်အသင်းက ခေါ်ယူလိုသည့် ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ။

ဂွါဒီယိုလာကို အင်တာမီလန်ခေါ်ယူလို

ရောမ မေ ၇

ဘာစီလိုနာအသင်းနည်းပြ ဂွါဒီယိုလာကို ခေါ်ယူရန် အီတလီစီးရီးအေကလပ် အင်တာမီလန်က စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားကြသည်။

အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီက လာမည့်နှစ် ဘောလုံးရာသီတွင် နည်းပြ အပြောင်းအလဲလုပ်ရန် ဆန္ဒရှိနေပြီး ဂွါဒီယိုလာသာ လာမည်ဆိုပါက မိမိအနေဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို ၂၀၀၈ ခုနှစ်က စတင်ကိုင်တွယ်ခဲ့ပြီး အောင်မြင်မှုများလည်း ရယူပေးနိုင်ခဲ့သည်။ ယခုနှစ် ဘောလုံးရာသီတွင်လည်း စပိန်လာလီဂါဖလားရရန် သေချာသလောက်ရှိနေပြီး ချန်ပီယံလိဂ်တွင်လည်း ဗိုလ်လုပွဲသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဂွါဒီယိုလာက မိမိအနေဖြင့် အသင်းပြောင်းမည်ဆိုပါက အင်တာမီလန်လို အသင်းမျိုးကို ကိုင်တွယ်လိုကြောင်း ထုတ်ဖော်ပြောကြားဖူးသည်။ သို့သော် ၎င်းသည် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် တစ်နှစ်ကျန်ရှိနေသေးသည်။ ***အင်တာနက်။***

ဟန်သစ်

ပရီမီယာလိဂ်ပွဲစဉ် (၃၆)ရလဒ်များ

ဗီလာ	၁ - ၁	ဝီဂန်
ဘော်လ်တန်	၁ - ၂	ဆန်းဒါးလန်း
အဲဗာတန်	၂ - ၁	မန်စီးတီး
နယူးကာဆယ်	၂ - ၁	ဘာမင်ဂမ်
ဝက်စ်ဟမ်း	၁ - ၁	ဘလက်ဘန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
မော်လမြိုင်တက္ကသိုလ်-မော်လမြိုင်မြို့
ပါရဂူဘွဲ့ (Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မော်လမြိုင်တက္ကသိုလ်တွင် ၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အင်္ဂလိပ်ပွဲအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၁ခုနှစ်၊ ဇွန်လ(၁)ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ် တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်ပွဲ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့တန်းကို အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ။) လူတွေ့စစ်ဆေးခြင်းကိုဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှနည်းပြ၊ သရုပ်ပြဖြစ်ပါကနည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁)နှစ်အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေး ဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ်အနည်းဆုံးရှိရမည်ဖြစ်သည့်အပြင်လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲကထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်)သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်ကျောင်းအုပ်ကြီးထံမှအချိန်ပြည့် (၁)နှစ်တက်ရောက်ခွင့်ပြုနိုင်ကြောင်းထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်ပွဲ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒဘာသာရပ်တစ်ခုခုဖြင့်အနိမ့်ဆုံးမဟာဘွဲ့တန်းကို အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃) နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂) နှစ်အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်းထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်ပွဲ၊ ရူပဗေဒ၊ ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒ၊ဘူမိဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက်ပြုလုပ်ခဲ့သော သုတေသန အကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက်(ကွန်ပျူတာစာစီ၍ စာမျက်နှာ-၃မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မော်လမြိုင်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၃-၅-၂၀၁၁ရက် (သောကြာနေ့)နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မော်လမြိုင်တက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဝင်ရောက်ဖြေဆိုရမည်။

(က)၁၄-၅-၂၀၁၁ရက်(စနေနေ့) ၉နာရီမှ ၁၂နာရီ ထိသက်ဆိုင်ရာဘာသာရပ်

(ခ) ၁၅-၅-၂၀၁၁ရက်(တနင်္ဂနွေနေ့)၉နာရီမှ ၁၂နာရီထိအင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၀-၅-၂၀၁၁ရက်(သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ အင်္ဂလိပ်ပွဲဌာန ပါမောက္ခ(ဌာနမှူး)ထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း (ဖုန်းနံပါတ်- ၀၅၇-၂၄၆၁၇၊ ၀၅၇-၂၄၆၃၇) ထံတွင်လည်းကောင်းစုံစမ်းနိုင်သည်။

မော်ကွန်းထိန်းအဆင့်(၁)
မော်လမြိုင်တက္ကသိုလ်

ဖခင်အမည်မှန်

အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း(ဗဟို)အင်းစိန်တွင် စတုတ္ထတန်းအောင်မြင်ပြီးသော မစန္ဒီထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြသင်း[၁၂/အစန(နိုင်)၁၁၇၇၉၉]ဖြစ်ပါသည်။

အမည်ပြောင်း

ဦးစောနိုင်၏ သမီးဖြစ်သူ အထက(၅)ဗိုလ်တထောင် Grade-6(A)သို့ တက်ရောက်မည့် မခင်သန့်စင်အား ယနေ့မှစ၍ မသင်းကြာညိုဟုပြောင်းလဲခေါ်ပါရန်။ **မသင်းကြာညို**

အမည်ပြောင်း

အထက ဥသျှစ်ပင် ပဋ္ဌမတန်း(A) မှ အဖ ဦးမောင်မောင်ညွှန့်၏ သား မောင်ကောင်းထက်ကျော်အား မောင်ကောင်းစံဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

အမက(၂)လှိုင် Grade-7 မှ ဦးနိုင်ဝင်း၏သား မောင်ရဲနိုင်အောင်အား ယနေ့မှစ၍ မောင်အောင်နိုင်ဦး ဟု ပြောင်းလဲခေါ်ပါရန်။

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

22. Fuso လိုင်းကောင်း ၄ခ/၇ ထောင်ကျော်၊ ၄ခ/၈ထောင်ကျော်

ဖုန်း-၀၉၄၉၂၉၀၃၆၁

ကားသန့်ငှားလိုသည်

Lite Truck စက်မှုဇုန်ထုတ် ကားငှားလိုသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်။

ဖုန်း-၀၉ -၄၇-၁၂၇၄၁၁

ယတြာဆရာမ

ဖြစ်ချစ်တာတွေ မဖြစ်သေးရင် မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါတယ်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါတယ်။

ဖုန်း-၀၉-၅၀၇၅၈၂၇

တိုက်ခန်းရောင်းမည်

ကန်တော်ကြီးစောင်းအနီး ဓာတ်လှေကားပါ(၅)လွှာ အဆင့်မြင့်ပြင်ဆင်ပြီး ပေ(၃၀×၇၅) AC ၃လုံးပါ ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၈၀၃၂၉၁၃
၀၉-၅၁၂၃၃၁၁

ရောင်းမည်

မင်္ဂလာဈေးမနီးမဝေး သိန်း(၇၀၀) ခေါ် ပေ ၅၀ပတ်လည် အိမ် ၂လုံးပါပြီး။ဂရန်နာမည်ပေါက် ဒေါ်ပုံ၊ ဝါဆိုရပ်၊ ရွှေစေတီလမ်း။

ဖုန်း-၀၉ ၇၁၁၃၅၅၁၃
၅၅၅၃၅၃

နှစ်ချုပ်ငှားမည်

မြေညီခန်း (၁၅ပေ × ပေ၆၀) ဗညားဒလလမ်းမပေါ်၊ တာမွေမြို့နယ် (နေရာကောင်း)

ဖုန်း-၂၀၁၂၂၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၄၄၀/က၊ မြေကွက်တည်နေရာ အမှတ်(၁၈)၊ (က-၅)လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးရွှေထူး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေထူးကွယ်လွန်သဖြင့် ဒေါ်လှတင် [၁၂/အစန(နိုင်) ၀၃၈၉၄၃]က ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြေးမုံသတင်းစာ

သတင်း၊ သတင်းဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးနှင့် ကြော်ငြာ ပေးပို့လိုသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ပါသည် -

နေပြည်တော်
ကြေးမုံသတင်းစာတိုက်
ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊
နေပြည်တော်ခရိုင်
ဖုန်း - ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၂၉၊ ၀၆၇-၃၆၁၃၀
Fax - ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၂၇၊ ၀၆၇-၃၆၁၃၁
Email - themirror.npt@gmail.com

ရန်ကုန်(ရုံးခွဲ)
ကြေးမုံသတင်းစာတိုက်
အမှတ်(၇၇)၊ မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့်၊
ရန်ကုန်မြို့
ဖုန်း - ၀၁-၂၉၂၈၃၂၊ ၀၁-၂၉၂၈၃၃၊ ၀၁-၂၉၉၄၂၇
Fax - ၀၁-၂၉၇၈၇၈၊ ၀၁-၂၉၂၈၃၁၊ ၀၁-၂၉၁၈၃၁
Email - mirrornpe52@gmail.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်
၂၀၁၁ ခုနှစ်၊ မေလ (၈)ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၁ခုနှစ်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၁ခုနှစ် မေလ(၁၄)ရက်မှ ဇွန်လ(၁၃)ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူး ရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)၊ မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်၊ မိုင်းရှူး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန၊ (လုံးခင်း၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်း)မြို့များတွင် အခြေပြုသည့်ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရုံးသုံး/ စခန်းသုံးပုံစံ(၅၅)မျိုး၊ ရုံးအသုံးအဆောင် စက္ကူနှင့်စာရေးကိရိယာ ပစ္စည်း(၂၃)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ ၁၂-၅-၂၀၁၁ရက် ၁၆း၀၀နာရီအထိ ဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံ(၁)စုံလျှင် ၅၀၀၀ိ/နှုန်းဖြင့် ၈-၅-၂၀၁၁ရက်မှ ၁၁-၅-၂၀၁၁ရက်အထိ ၉နာရီမှ ၁၆း၀၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပစ္စည်းများ ဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း ဒဂုံမြို့နယ်၊ ဖုန်းအမှတ်-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၁၊ ၀၁-၂၂၁၁၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

သစ်မွှေးပျိုးပင် ရောင်းရန်ရှိသည်
(မြစ်ကြီးနား မျိုးကောင်းမျိုးသန့်)

စုံစမ်းရန်ဖုန်း- ၀၉-၈၆၁၂၉၀၄ ၊ ၀၉-၅၁၄၆၂၁၄
၀၅၇-၆၂၁၀၇ ၊ ၀၅၇-၆၂၀၀၆







လှိုင်သာယာစက်မှုဇုန်(၃)ရှိ အောက်ပါဂိုဒေါင်များ
ငှားရမ်း/ရောင်းမည်

၁။ 153' × 280' နှစ်ထပ်ပါ(60000 Sq Feet) မြေဧရိယာ (၁. ၅ဧက) လျှပ်စစ် 315 KVA (အငှား)(သို့မဟုတ်)ရောင်းမည်။

၂။ (75' ×135',30' ×135', 35' ×85')လျှပ်စစ် 315 KVAနှင့် ဖုန်းပါမည်။

စိတ်ဝင်စားပါက ဆက်သွယ်ရန်ဖုန်း-၀၉၅၁ ၂၀၇၀၆
၀၉၅၁ ၅၇၆၇၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၂၄၂၊ ဧရိယာ(၀. ၀၅၈)ဧက၊ အကျယ်အဝန်း(အလျား ၄၂ ပေ×အနံ ပေ၆၀)ရှိ နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇ ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်-၂၄၂ ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးသစ်ဝေ BT-၀၁၄၉၃၈ (ကွယ်လွန်)၏ အမွေဆက်ခံခွင့်ရှိသူ ဇနီးဒေါ်ခင်ခင်ဦး [၁၂/ရကန(နိုင်)၀၁၈၆၀၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မာလာဆွေ (တရားရုံးချုပ်ရှေ့နေ) (စဉ်-၆၄၆၆)

LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.

အမှတ်-၁၁၊ ဦးဘဟန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၂၇၈၂၈

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အာကာသခရီးသွားလုပ်ငန်း အင်တာနက်သတင်း ဘာသာပြန် - တက်လူ

လကို လှည့်ပတ်ကြည့်ရှုနိုင်မည့် ခရီးစဉ် ၂၀၁၅ ခုနှစ်၌ စတင်နိုင်ရန် ပြင်ဆင်

ရစ်ချ်မွန်း မေ ၇

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်အခြေစိုက် အာကာသခရီးသွားလုပ်ငန်း ကုမ္ပဏီသည် လကို လှည့်ပတ်ကြည့်ရှုနိုင်မည့် အာကာသခရီးစဉ်ကို အစောဆုံး ၂၀၁၅ ခုနှစ်၌ စတင်နိုင်ရန် စီစဉ်လျက်ရှိသည်။ စာမျက်နှာ ၉ ကော်လံ ၂ သို့◆

လကို လှည့်ပတ်ကြည့်ရှုနိုင်မည့် အာကာသခရီးစဉ်ကို အမေရိကန်နိုင်ငံ အခြေစိုက် အာကာသခရီးသွားလုပ်ငန်းကုမ္ပဏီက စီစဉ်ပေးမည်ဖြစ်သည်။
(ဓာတ်ပုံ-အင်တာနက်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီးများ နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ကုန်စည်ပြပွဲ(၂၀၁၁) ဆက်လက်ကျင်းပ

နေပြည်တော် မေ ၇

နေပြည်တော်ရှိ ခမ်းနားထည်ဝါလှသော အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်း ဗဟိုဌာနအဆောက်အအုံကြီး၌ နေပြည်တော်ကုန်စည်ပြပွဲ(၂၀၁၁) (NAY PYI TAW EXPO-2011)ကို တတိယမြောက်နေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပလျက်ရှိရာ ပြခန်းတိုင်းတွင် လာရောက်လေ့လာသူများ၊ ပစ္စည်းဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁) ဖွင့်ပွဲကို မေ ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံရှေ့၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြပွဲကျင်းပရေးကော်မတီမှ ဒါရိုက်တာဦးအောင်ဖုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁)ကို Smart Business Co., Ltd. က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကုမ္ပဏီပေါင်း ၁၀၀ မှ ဆိုင်ခန်းပေါင်း ၂၅၀ ပါဝင်ပြသရောင်းချလျက်ရှိသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့❑

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၅-၂၀၁၁

နေပြည်တော်(တပ်ကုန်း)	သုည ဒသမ ၃၉ လက်မ
ပြင်ဦးလွင်	၂ ဒသမ ၉၅ လက်မ
မာန်အောင်	၂ ဒသမ ၄၄ လက်မ